ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday, 25 February 2021 ၁၀၂၉၉

# ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ထိုင်းနိုင်ငံသို့ သွားရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**


ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ထိုင်းနိုင်ငံသို့ ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် သွားရောက်ခဲ့ပြီး ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

**သီးခြားစီ တွေ့ဆုံ**

ထိုင်းနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း)နှင့် ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန် ပရာမွန်းဝိနိုင်းတို့နှင့် သီးခြားစီ တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်သွားရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးပိုမိုရရှိရေးနှင့် တရားဝင် လုပ်ကိုင်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း)နှင့် တွေ့ဆုံစဉ်။

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

| | | |
|---|---|---|
| ဟားခါး | ၆ | ဒီဂရီစင်တီဂရိတ် |
| တောင်ကုတ် | ၈ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၉ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၉ | ဒီဂရီစင်တီဂရိတ် |
| မင်းတပ် | ၉ | ဒီဂရီစင်တီဂရိတ် |
| မချမ်းဘော | ၁၀ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၁၀ | ဒီဂရီစင်တီဂရိတ် |

ကြေးမုံ ယနေ့ ဖတ်စရာ

**ထာဝရမပျက်ယွင်းသင့်သည့် ကျေးဇူးတရား** ဆောင်းပါး စာမျက်နှာ » ၆

**အတိုးနှုန်းသက်သာသော ချေးငွေရယူလိုသည့် ကုန်စုံဆိုင်ငယ်များ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများနှင့်ဆက်သွယ်၍ ချေးငွေရယူနိုင်** စာမျက်နှာ » ၉

**သူရဲကောင်းဟု ဆိုရာဝယ် ...** ဆောင်းပါး စာမျက်နှာ » ၁၀

**ပြည်ထောင်စုကြီး အမြဲတမ်းရှိနေမယ် . . .**
ကိုသံချောင်း–မစာဥ တစ်ခန်းရပ်စကားပြောခန်း (၁) ဆောင်းပါး စာမျက်နှာ » ၁၅



ကြေးမုံ

# တိုင်းပြည်စီးပွားတက်မှ ပြည်သူအဆင်ပြေ

မြန်မာနိုင်ငံတွင် ယမန်နှစ် ၂၀၂၀ ပြည့်နှစ်ကာလအတွင်း မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါဘေးကြောင့် နိုင်ငံ့စီးပွားရေး ယိုင်နဲ့လာခဲ့ရာ နိုင်ငံ့စီးပွားရေးကို အမြန်ဆုံးပြန်လည်တည့်မတ်လာနိုင်ရေး၊ ဦးမော့လာနိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ အဓိကမောင်းနှင်အားသည် စီးပွားရေးဖြစ်၍ စီးပွားရေး ကောင်းမွန်ပါမှ အဘက်ဘက်တွင် အဆင်ပြေအောင်ဆောင်ရွက်နိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စီးပွားရေးရာကော်မတီအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁) တွင် စီးပွားရေးကောင်းမွန်ရေးအတွက် ဆောင်ရွက်ရမည့်ကဏ္ဍများနှင့် အခြေခံစဉ်းစားရမည့်အချက်များကို မှာကြားခဲ့သည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၄ သန်းကျော်ရှိသည်။ မြေ၊ လူသားအရင်းအမြစ်နှင့် သယံဇာတများစွာရှိသည့်အတွက် အလုပ်လုပ်နိုင်သည့် အခြေခံကောင်းများစွာ ရှိသည်။ သယံဇာတသည် ကုန်ခန်းသွားနိုင်သည့်အရာဖြစ်သည့်အပြင် လွယ်လွယ်ကူကူ ထုတ်ယူရောင်းချရန်မဖြစ်နိုင်သဖြင့် သယံဇာတထုတ်လုပ်မှုကို လျှော့ချကာ တိုင်းပြည်အနာဂတ်အတွက် ထိန်းသိမ်းသိုလှောင်ပြီး အရေးပေါ်အရန်ထားခြင်းဖြင့် နိုင်ငံ၏အနာဂတ်စီးပွားရေး ခိုင်မာအားကောင်းအောင် ဆောင်ရွက်ထားနိုင်သည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆက်တွဲအရေးနှင့် နိုင်ငံရေး အပြောင်းအလဲကြောင့် ကုန်သွယ်မှုလိုငွေပြမှု၊ ပြည်ထောင်စု၏စုစုပေါင်းလိုငွေပြမှု များရှိနေသည်။ ထို့ကြောင့် စီးပွားရေးအမြန်ဦးမော့လာရေးအတွက် သွင်းကုန် အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာအောင် ကြိုးစား အားထုတ်ရမည်ဖြစ်သည်။ မြန်မာပြည်တွင် စားနပ်ရိက္ခာများပေါ်များသဖြင့် ပြည်ပမှ စားသောက်ကုန်တင်သွင်းမှုကို လျှော့ချရမည်ဖြစ်ပြီး ပြည်တွင်းထုတ်ကုန်များ တွင်ကျယ်လာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ကောင်းမွန်ချောမွေ့စွာလည်ပတ်နိုင်ရေး အတွက် လျှပ်စစ်စွမ်းအား တိုးမြှင့်ထုတ်လုပ်နိုင်ရေးကို ကြိုးစားကြရမည်ဖြစ်သည်။ သို့မှသာ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာကာ ပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းများ ပုံမှန်ပြန်လည် လည်ပတ်လာမည်ဖြစ်သည်။ ယခုအခါတွင် အလုပ်လက်မဲ့ဖြစ်နေသူများ ပိုမိုများပြားလာသဖြင့် ကျွမ်းကျင်မှုဆိုင်ရာ ကဏ္ဍအလိုက် အလုပ်အကိုင်များ ပွင့်လန်းလာအောင် ဖန်တီးပေးရမည်ဖြစ်သည်။ အလုပ်သမားနှင့် အလုပ်ရှင် နှစ်ဖက်အကျိုးစီးပွားဖြစ်ထွန်းရေးကို ရှေးရှုပြီး ရင်းနှီးမြှုပ်နှံမှု၊ အာမခံချက်ရှိမှု၊ ဆွဲဆောင်မှုပေးမှု၊ ယုံကြည်မှုရှိမှုတို့ကို ဖော်ဆောင်ပေးရမည်ဖြစ်သည်။

နိုင်ငံအတွင်းရှိ စက်ရုံ၊အလုပ်ရုံများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေးအတွက် အားပေးကူညီရမည်ဖြစ်ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုနှုန်း လျော့နည်းကျဆင်း လာသောကြောင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်လာကြပြီ ဖြစ်သည်။ တစ်ဖက်တွင် ကိုဗစ်-၁၉ ကျန်းမာရေးစည်းကမ်းများနှင့်အညီ ခရီးသွားလာခွင့်များလည်းရှိလာပြီး ဘုရားဖူးနှင့်အလည်အပတ်ခရီးစဉ်များကိုလည်း စနစ်တကျ စတင်နေသည်ကို တွေ့ရသည်။ ယင်းအခြေအနေကောင်းများ၊ အခွင့်အလမ်း ကောင်းများကို အမိအရ ရယူအသုံးချနိုင်ရမည်ဖြစ်သည်။

နိုင်ငံတော်၏စီးပွားရေးပြန်လည်ဦးမော့ပြီး ဘတ်ဂျက်လိုငွေ ဖြည့်ဆည်းနိုင်ရေး အတွက် ပြည်တွင်း၊ ပြည်ပ ပို့ကုန်တိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ကြရ မည်ဖြစ်ပြီး ပြည်တွင်းလုပ်ငန်းများ ပုံမှန်လည်ပတ်လုပ်ကိုင်နိုင်ရေးတို့သည် နိုင်ငံတော်နှင့် ပြည်သူပြည်သားများ၏ လူမှုစီးပွားတိုးလာရန်အတွက်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးပြန်လည်ဦးမော့လာရန် အခြေခံလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီးလုံလောက်စွာရရှိရေး၊ လမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့ အဆင်ပြေရေး၊ ငွေကြေးစီးဆင်းမှုကောင်းမွန်စေရေးတို့အတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံရေးဖြစ်စဉ်အပြောင်းအလဲကြောင့် ဖြစ်ပေါ်လာသော မတည်ငြိမ်မှုများ၊ ဟန့်တားနှောင့်ယှက်မှုများသည် နိုင်ငံ့စီးပွားရေးကို ထိခိုက်စေသည်သာမက ပြည်သူလူထုတစ်ရပ်လုံး၏ စားဝတ်နေရေး၊ ဘဝရပ်တည်ရှင်သန်ရေး ထိခိုက်နစ်နာစေသည်ကို သတိချပ်ရမည်ဖြစ်သည်။ ပြည်သူလူထု စီးပွားရေးအဆင်ပြေမှု အစစအရာရာကို မိမိတို့စိတ်ဆန္ဒရှိသမျှ ဆောင်ရွက်နိုင်မည်ဖြစ်၍ တိုင်းပြည် တည်ငြိမ်အေးချမ်းရေး၊ လူမှုစီးပွားရေး ပြန်လည်ကောင်းမွန်လာရေး ကိစ္စအမျိုးမျိုးတွင် အသိတရားဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သင့်ကြပါသည်။

သို့ဖြစ်ရာ တိုင်းပြည်စီးပွားရေး ခိုင်မာအားကောင်းပါမှ ပြည်သူများ၏ လူမှုစီးပွားရေးဘဝများ မြင့်မားတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ရာ ကြုံတွေ့နေရသော စိန်ခေါ်မှုများ၊ အခက်အခဲများကို ကျော်လွှား၍ နိုင်ငံနှင့်ပြည်သူ အားလုံးတို့အတွက် လိုအပ်နေသော စီးပွားရေးလုပ်ငန်းများ ပြန်လည်တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဆလိုဗက်သံအမတ်ကြီးအဖြစ် မစ္စတာ ဂျာရိုဆလပ်ဗ် အောက်စ် အား ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆလိုဗက်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ စတန်နီစလဗ် အိုပီလာ၏နေရာတွင် မစ္စတာ ဂျာရိုဆလပ်ဗ် အောက်စ် အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဂျာရိုဆလပ်ဗ် အောက်စ်ကို ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လတွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဆလိုဗက်နိုင်ငံ၊ KoŠice နည်းပညာတက္ကသိုလ်တွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံ၊ အောက်စ်ဖို့ဒ်တက္ကသိုလ်၊ Foreign Service Programme တွင်လည်းကောင်း တက်ရောက်ပညာဆည်းပူးခဲ့သည်။ ၎င်းသည် ၁၉၉၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဆလိုဗက်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဆွီဒင်နိုင်ငံဆိုင်ရာ ဆလိုဗက်သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်မှစ၍ ဥရောပသမဂ္ဂမူဝါဒရေးရာဦးစီးဌာန၏ အကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်နှင့် ရုရှားဘာသာစကားတို့ကို တတ်ကျွမ်းသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။

**သတင်းစဉ်**

## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြုဝန်ထမ်းအသီးသီးတို့သည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှစွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၄-၂-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၂၀၀ | ၉,၃၀၀ | ၃၁၁ | ၂,၈၇၂,၁၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၅၀ | ၂၁၈ | ၇၇၃,၆၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၈၅၀ | ၆၅ | ၁၈၂,၃၅၀ |
| EFR | ၃,၃၅၀ | ၃,၃၅၀ | ၁ | ၃,၃၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၄၁.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၅၃.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၃.၄၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၇.၉၆၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၆.၆၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၉၂၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၄၁.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၂.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၆၅.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၈၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ထာဝရခိုင်မြဲသည့် ပြည်ထောင်စုကို တည်ဆောက်သွားမည်

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားထားကြောင်း၊ နောင်ကာလများတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်လည်နေထိုင်နိုင်ရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ထာဝရခိုင်မြဲသည့် ပြည်ထောင်စုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၅-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


## တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၈၈ / ၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

**တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်အား ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်အား မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်အဖြစ်လည်းကောင်း ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန် ပရာမွန်းဝီနိုင်းနှင့် တွေ့ဆုံစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန် ပရာမွန်းဝီနိုင်းနှင့်အတူ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စစ် ရတ်နို မာဆူဒီအား တွေ့ဆုံစဉ်။

**❂ ရှေ့ဖုံးမှ**

ထို့ပြင် အာဆီယံမိသားစုစိတ်ဓာတ်နှင့် စည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ကိုအခြေခံလျက် အာဆီယံပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ထိုင်းဝန်ကြီးချုပ်နှင့် ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့အား မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ရှေ့ဆက်ဆောင်ရွက်သွားမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့် နိုင်ငံခြားရေးမူဝါဒများ ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စစ် ရတ်နို မာဆူဒီ အား ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် အာဆီယံအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပြင် အာဆီယံမိသားစုစိတ်ဓာတ်နှင့် စည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ကို အခြေခံလျက် အာဆီယံပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# မြန်မာစီးပွားရေးသံမှူးများ၏ နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ရေးဆောင်ရွက်နိုင်မှုနှင့် အမည်သစ်ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေး ဆွေးနွေးပွဲ(ဒုတိယနေ့) ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မြန်မာစီးပွားရေးသံမှူးများ၏ နှစ်နိုင်ငံ ကုန်သွယ်မှု မြှင့်တင်ရေး ဆောင်ရွက်နိုင်မှုနှင့် အမည်သစ်ပို့ကုန် များ တိုးချဲ့တင်ပို့နိုင်ရေးဆွေးနွေးပွဲ(ဒုတိယနေ့)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။



**တင်ပြ**

အစည်းအဝေး ဒုတိယနေ့တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ (ပေကျင်း၊ နန်နင်း၊ ဟောင်ကောင်၊ ကူမင်း)၊ စင်ကာပူ၊ ဂျပန်၊ ကိုရီးယားနှင့် ဆွစ်ဇာလန် နိုင်ငံတို့မှ စီးပွားရေးသံမှူးများ/ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဆိုင်ရာ သံမှူးများက ၎င်းတို့တာဝန်ထမ်းဆောင် နေသည့် နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်နိုင်မှုနှင့် အမည် သစ်ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေးဆောင်ရွက်မည့် အခြေအနေများကို တင်ပြကြသည်။

စီးပွားရေးသံမှူးများ၏ တင်ပြဆွေးနွေးမှုများ အပေါ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း က စီးပွားရေးသံမှူးများ၏ တင်ပြချက်များပါ အခက် အခဲများ၊ အတွေ့အကြုံများကို အပြန်အလှန်မျှဝေ ခြင်းဖြင့် အဆိုပါကိစ္စရပ်မျိုးကို မိမိတို့ကြုံတွေ့လာ ပါက ကောင်းမွန်စွာ ဖြေရှင်းနိုင်မည့် အခွင့်အရေး ကောင်းအဖြစ် မှတ်ယူ၍ ဆောင်ရွက်သွားစေလို ကြောင်း၊ စီးပွားရေးသံမှူးများအနေဖြင့် ကုန်သွယ်မှု မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် လုပ်ငန်းလိုအပ်ချက်အရ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်း ရေးကိုပါ အောင်မြင်စွာ ဆောင်ရွက်နေသည်ကို မြင်တွေ့ရသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါ ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ အချက်အလက် များနှင့် စပ်လျဉ်း၍ မိခင်နိုင်ငံမှ အချက်အလက်များနှင့် မိမိတို့တာဝန်ထမ်းဆောင်နေသည့် နိုင်ငံမှကုန်သွယ် မှု အချက်အလက်များကိုရယူ၍ နှိုင်းယှဉ်သုံးသပ် တင်ပြသွားရန်လိုကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်သွားမည်**

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက လက်ရှိအခြေအနေအရ မိမိတို့ နိုင်ငံ၏ အဓိကပို့ကုန်များမှာ စိုက်ပျိုးရေး ထွက်ကုန် များဖြစ်သဖြင့် Sanitary and Phytosanitary (SPS) ကဲ့သို့သော ပို့ကုန်ဆိုင်ရာ စံနှုန်းလိုအပ်ချက်များကို ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပြီး သက်ဆိုင်ရာ ဌာနများဘက်ကလည်း လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ အချိန်တိုအတွင်း လျင်မြန်စွာ ပြီးစီးစေရန်အတွက် Physical Inspection မှလွဲ၍ ကျန်လုပ်ငန်းများအား Online စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် စတင်နေပြီဖြစ်ပါ ကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင် ရေးအတွက် Processing Industry များ၊ အအေးခန်း သိုလှောင်ရုံများ စသည့် ထောက်ပံ့ပို့ဆောင်ရေး ဆိုင်ရာ လိုအပ်ချက်များကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်သွား မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မိမိတို့နိုင်ငံသည် ကုန်သွယ်ဖက် နိုင်ငံများနှင့် နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူညီ ချက် (Bilateral Trade Agreement) ချုပ်ဆိုထားခြင်း မရှိသေးသည့်အတွက် လက်မှတ်ရေးထိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားသင့်ကြောင်း၊ သို့ရာတွင် သက်ဆိုင်ရာနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏ (Trade Volume)၊ ကုန်သွယ်မှုအလားအလာ (Trade Potential) အပါအဝင် Cost Benefit Analysis တို့ကို ကြိုတင်လေ့လာထားစေလိုပါကြောင်း၊ Regional Comprehensive Economic Partnership (RCEP) နှင့် Comprehensive and Progressive Agreement for Trans–Pacific Partnership (CPTPP) အဖွဲ့ဝင် နိုင်ငံများတွင် တာဝန်ထမ်းဆောင်နေသော သံမှူးများ အနေဖြင့် အဆိုပါ အစီအစဉ်များအပေါ် ၎င်းအဖွဲ့ဝင် နိုင်ငံများ၏ ဆောင်ရွက်နေမှုအခြေအနေများကို စဉ်ဆက်မပြတ်လေ့လာပြီး အစီရင်ခံစာများ တင်ပြ သွားစေလိုကြောင်း၊ စီးပွားရေးဆိုင်ရာ ကွန်ရက် ချိတ်ဆက်ဆောင်ရွက်နိုင်မှု (Networking)သည် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် အရေးကြီးသဖြင့် မိမိတို့ တာဝန်ထမ်းဆောင်နေသည့်နိုင်ငံများမှ အစိုးရအဖွဲ့ အစည်းများနှင့် လုပ်ငန်းရှင်များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြား သည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်း ဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေး မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# သစ်တောဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ် တာဝန်ခံများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို Virtual Meeting ဖြင့် ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာန တိုင်းဒေသ ကြီးနှင့် ပြည်နယ် တာဝန်ခံများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ Virtual Meeting ဖြင့် ကျင်းပသည်။





**ဆောင်ရွက်သွားရန်လို**

အစည်းအဝေးတွင် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ က ယခုအခါ နိုင်ငံတော်အနေဖြင့် သယံဇာတများ ရေရှည်တည်တံ့ ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်း ကဲ့သို့သော လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေး ထားဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ကို စဉ်ဆက်မပြတ် အရှိန်အဟုန် ဖြင့် ဆောင်ရွက်သွားရန်လို ကြောင်း၊ သစ်ထုတ်လုပ်ခြင်း အပိုင်း၌ တရားဝင် သစ်ထုတ်လုပ် ခြင်း ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာ ရန်နှင့် တရားမဝင် သစ်ထုတ်လုပ် ခြင်း လုပ်ငန်းများကိုလည်း ကာကွယ်တားဆီးနိုင်ရေး ကြပ် မတ် ဆောင်ရွက်သွားရန်လို ကြောင်း။

မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံ ကိန်း (Myanmar Reforestation and Rehabilitation Programme–MRRP)ကို ၂၀၁၇– ၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်အထိ ၁၀ နှစ် စီမံကိန်း ရေးဆွဲ ဆောင်ရွက်လျက်ရှိရာ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွက် သစ်တောဦးစီးဌာနမှ စိုက်ခင်း ဧက ၂၁၅၄၀၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှဧက ၄၀၅၀၊ မြန်မာ့သစ်လုပ်ငန်းမှ ဧက ၁၅၀ စုစုပေါင်း ဧက ၂၅၇၄၀ ကို သစ်တောစိုက်ခင်းများ တည် ထောင်ရန် မြေနေရာရွေးချယ်ခြင်း ၁၀၀ ရာခိုင်နှုန်းပြီးစီးခဲ့ပြီး စိုက် ခင်းတည်ထောင်ရန် လိုအပ်သော ပျိုးပင် ၂၆ ဒသမ ၃၉ သန်း လျာထားရာတွင် ၈၄ ရာခိုင်နှုန်း ပျိုးထောင်ပြီး ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာနှင့် လူထုဖြန့်ပျိုးပင် ၁၀ ဒသမ ၇ သန်း လျာထားရာတွင် ၈၉ ရာခိုင်နှုန်း ပျိုးထောင်ပြီးစီး ပြီဖြစ်ပါကြောင်း။

**အသင့်ဖြစ်နေ**

ထို့ကြောင့် ယခု ၂၀၂၁ ခုနှစ် မိုးရာသီအတွက် သစ်တောစိုက် ခင်းများ တည်ထောင်ခြင်းလုပ်ငန်း စဉ်အတွက် အသင့်ဖြစ်နေသည့် အခြေအနေ တွေ့ရှိရပါကြောင်း၊ ၂၀၂၁ ခုနှစ် မိုးရာသီ သစ်ပင် စိုက်ပျိုးခြင်းနှင့် လူထုဖြန့်ပျိုးပင် များ ပြုစုပျိုးထောင်ဖြန့်ဝေခြင်း လုပ်ငန်းများကိုလည်း လျာထား ချက်များအတိုင်း ပြည့်မီအောင် ဆောင်ရွက်သွားရန်နှင့် ကျန်ရှိ သည့် လုပ်ငန်းများကို အရှိန် အဟုန်ဖြင့် ဆက်လက်ဆောင်ရွက် သွားရန်လိုကြောင်း၊ ၂၀၂၁ ခုနှစ် မိုးရာသီတွင် ဆောင်ရွက်မည့် သစ်ပင်စိုက်ပျိုးခြင်းကို ပတ်ဝန်း ကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှား မှု (Green Environment Campaign) ဖြင့် အင်အားအပြည့် စိုက်ပျိုးဆောင်ရွက်သွားရန် လို ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သစ်တော ပြုန်းတီးမှု ဖြစ်စေခဲ့သည့် အကြောင်းရင်းများကို ဖော်ထုတ် ပြီး ကာကွယ်တားဆီးနိုင်မည့် နည်းလမ်းများ ဖော်ထုတ်ဆောင် ရွက်သွားရန်လိုကြောင်း၊ သစ်တော သယံဇာတ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ခြင်းကို စုပေါင်းဦးဆောင်မှုဖြင့် မိသားစု စိတ်ဓာတ် Team Work အား ကောင်းကောင်းဖြင့် ဆောင်ရွက် သွားရန်လိုကြောင်း။

သစ်တော ထိန်းသိမ်းကာကွယ် ရာတွင် အလေးထားဆောင်ရွက်ရ သည့် လုပ်ငန်းတစ်ခုမှာ တရားမဝင် သစ်ခိုးယူ ထုတ်လုပ်မှုလျော့နည်း ပပျောက်စေရေး ဖြစ်ပါကြောင်း၊ ဌာနအစီအစဉ်ဖြင့် ဖမ်းဆီးခြင်း၊ ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထု အခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System– CMRS) ဖြင့် သတင်းရယူ ဖမ်းဆီးခြင်း၊ သစ်တောနယ်မြေ အတွင်း တရားမဝင်သစ်ခိုးထုတ် နိုင်ရန် ဖောက်လုပ်ထားသည့် လမ်းကြောင်းများကို ဖျက်ဆီး ခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ တိုင်းဒေသကြီး နှင့် ပြည်နယ်သစ်တောဦးစီးဌာန တာဝန်ခံများက လုပ်ငန်းဆောင် ရွက်ထားရှိမှုများကို ရှင်းလင်း တင်ပြမှုအပေါ် မြန်မာ့သစ် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေး မှူး၊ အပူပိုင်းဒေသ စိမ်းလန်းစို ပြည်ရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန် ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြား သည်။

**တက်ရောက်**

အခမ်းအနားသို့ သစ်တောဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့သစ် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေး မှူးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာန တာဝန်ခံများက ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် ရေပြာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်၍ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက သက်ဆိုင်ရာ ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံရာတွင် မိမိတို့ ကျန်းမာရေးအတွက် ကိုဗစ်-၁၉ ရောဂါတားဆီးကာကွယ်ရေးနည်းလမ်းများကို အထူးဂရုပြုလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းသားများ စာသင်ယူလိုစိတ်ကို ပံ့ပိုးပေးနိုင်ရန် ကျောင်းပရဝဏ်သာယာလှပရေး၊ စာသင်ဆောင်၊ စာသင်ခန်းများ၊ မျက်နှာကြက်များ၊ စာသင်ခုံများ ပြင်ဆင်မွမ်းမံရေး၊ ဆရာကျောင်းသားအချိုးအရ လိုအပ်သောသန့်စင်ခန်းများ ဖြည့်ဆည်းပေးရေး၊ ဆရာ ဆရာမဝန်ထမ်းအိမ်ရာများ ဖြည့်ဆည်းပေးရေးအတွက် မှာကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းကာ ပညာရေးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၏ သင်ကြားရေး အရည်အသွေးမြင့်မားရေးအတွက် အရည်အသွေးမြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပေးရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် သင်ကြားရေးနှင့် စီမံခန့်ခွဲရေးပြင်ဆင်ဆောင်ရွက်မှုများကို သတ်မှတ်ကာလအတွင်း ထိရောက်မြန်ဆန်စွာ ပြီးစီးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုပါကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် စီစဉ်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယမြို့တော်ဝန် ဦးညီညီ ရန်ကုန်မြို့သို့ ရေပေးဝေလျက်ရှိသည့် ရေလှောင်ကန်များ စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေတို့သည် ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် လှော်ကားရေလှောင်ကန်၊ ဂျိုးဖြူရေလှောင်ကန်၊ ဖူးကြီးရေလှောင်ကန်နှင့် ငမိုးရိပ်ရေပေးဝေရေးစခန်းများသို့ သွားရောက်စစ်ဆေးပြီး ရေလှောင်ကန်များ ကြံ့ခိုင်ရေးနှင့်လုံခြုံရေး၊ ရာသီဥတုကြောင့် ရေပမာဏကျဆင်းလာမှုများအား စနစ်တကျ မှတ်တမ်းပြုစု၍ ရေပြတ်တောက်မှုမရှိအောင် စီမံဆောင်ရွက်ရေးတို့အတွက် လိုအပ်သည်များအား လမ်းညွှန်မှာကြားသည်။

ဒုတိယမြို့တော်ဝန်နှင့် အတွင်းရေးမှူးတို့သည် ရေလှောင်ကန်များနှင့် ရေပေးဝေရေးစခန်းများသို့ လိုက်လံစစ်ဆေးစဉ် တာဝန်ကျဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေရသည့် ဝန်ထမ်းများမှာ ရန်ကုန်မြို့နေပြည်သူများရေရရှိရေးအတွက် အချိန်ပြည့်တာဝန်ယူဆောင်ရွက်နေရသူများဖြစ်ခြင်းကြောင့် အလွန်မွန်မြတ်သည့်အလုပ်ဖြစ်ကြောင်း၊ ဝန်ထမ်းများမှာ ရန်ကုန်မြို့နှင့် အလှမ်းဝေးကွာသော ကျေးရွာများတွင် နေထိုင်၍ တာဝန်ထမ်းဆောင်နေရခြင်းကြောင့် ရွာသူရွာသားများနှင့် စည်းလုံးညီညွတ်စွာ နေထိုင်သွားရန်နှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေများကိုလိုက်နာဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း မှာကြား၍ ဝန်ထမ်းများ၏ လိုအပ်ချက်နှင့် တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ညနေ ၄ နာရီတွင် ဖောင်ကြီး ကိုဗစ်-၁၉ ကုသရေးစင်တာသို့ သွားရောက်၍ ရေစင်နှင့် မြေအောက်ရေလှောင်ကန် တည်ဆောက်နေမှုလုပ်ငန်းခွင်ကို စစ်ဆေး၍ လိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့သည်။



ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့အနေဖြင့် ရန်ကုန်မြို့နေပြည်သူများအတွက် နေ့စဉ် ရေဖြန့်ဖြူးလျက်ရှိရာ လှော်ကားကန်မှ ရေဂါလန် ၁၄ သန်း၊ ဂျိုးဖြူကန်မှ ရေဂါလန် ၂၇ သန်း၊ ဖူးကြီးကန်မှ ရေဂါလန် ၅၄ သန်းနှင့် အခြားရေသန့်စင်စက်ရုံနှင့် အဝီစိတွင်းများမှ ၁၁၂ ဒသမ ၅ သန်း၊ စုစုပေါင်း ရေဂါလန် ၂၀၇ ဒသမ ၅ သန်းအား နေ့စဉ်ဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် တိုးတက်လာသည့် လူဦးရေနှင့်အညီ သောက်သုံးရေဖူလုံစွာ ဖြန့်ဖြူးပေးနိုင်ရေး ရေအရင်းအမြစ်သစ်များ ထပ်မံရှာဖွေတည်ဆောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ထာဝရမပျက်ယွင်းသင့်သည့် ကျေးဇူးတရား

## မောင်မိုးညို

**ထမင်းတစ်ဝမ်းသာမက ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများအတွက်ပါ သင့်တင့်လျောက်ပတ်စွာ ဘဝရပ်တည်နိုင်သော၊ ဂုဏ်သိက္ခာရှိစွာဖြင့် စိတ်အေးလက်အေးနေနိုင်သော အခြေအနေများသည် ပြည်သူများကိုကိုယ်စားပြုသည့်၊ နိုင်ငံတော်နှင့် ပြည်သူများကို အလုပ်အကျွေးပြုသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးဇူးများကြောင့်ဖြစ်ရာ ယင်းကျေးဇူးများကို သိတတ်ဖို့လိုပါသည်။ မိမိတို့ဘဝကို တဖြည်းဖြည်းမြင့်မားတိုးတက်လာအောင် ဆောင်ကြဉ်းပေးခဲ့သော နိုင်ငံတော်နှင့် မိမိတို့တာဝန်ထမ်းဆောင်ရာလုပ်ငန်းဌာန၏ ကျေးဇူးကို သိတတ်ဖို့လို။**

ကျေးဇူးဆိုသည့် နယ်ပယ်မှာ အလွန်ပင်ကျယ်ပြန့်နက်နဲလှပါပေသည်။ ကျေးဇူးဟူသည် ကောင်းခြင်းမင်္ဂလာ၊ ကောင်းသောတရားဖြစ်၍ အနည်းငယ်မျှသော ကျေးဇူးကိုပင် အသိအမှတ်ပြုကြရပါသည်။ နှုတ်အားဖြင့်ဖြစ်စေ၊ ကိုယ်အားဖြင့်ဖြစ်စေ တစ်စုံတစ်ရာ ကူညီလိုက်သည်နှင့် "ကျေးဇူးပါ" ဟူ၍ ချက်ချင်းအသိအမှတ်ပြု တုံ့ပြန်ကြသည်မှာ ယဉ်ကျေးသူတို့၏ အပြုအမူ၊ နိုင်ငံကြီးသားတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံဖြစ်သည်။

### ကျေးဇူးမကန်းမိဖို့ အထူးလိုအပ်ပါ

ဤလောကတွင် အရာအားလုံးတို့သည် အပြန်အလှန်ကျေးဇူးပြုခဲ့ကြသည်သာဖြစ်သည်။ မဆုံးနိုင်သော ဘဝသံသရာတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကျေးဇူးပြုမိခဲ့ကြသည်ကို ဘုရားရှင်မှတစ်ပါး မည်သူမျှ တိတိကျကျ အသေးစိတ် သိနိုင်လိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် မည်သူ့အပေါ်တွင်မှ အနိုင်အထက်ပြုကျင့်ရန်မသင့်ပေ။ အနှိုင်းမဲ့ကျေးဇူးရှင်ဟူသည် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများဖြစ်ကြပေသည်။ ခင်ပွန်းကြီးဆယ်ပါးတွင် ထမင်းတစ်လုတ်၊ ရေတစ်မှုတ်မျှ စားသောက်ဖူးရုံမျှနှင့်ပင် ကျေးဇူးရှိကြောင်း ပြဆိုထားပါသည်။ ထို့ကြောင့် ကျေးဇူးကို မဆပ်ချင်လျှင်နေပါ၊ မချေဖျက်ဖို့၊ ကျေးဇူးမကန်းမိဖို့ အထူးလိုအပ်ပါသည်။

သူ့ထမင်းကို တစ်လုတ်မျှ စားဖူးခဲ့ရုံမျှဖြင့် ထိုထမင်းရှင်၏ ကျေးဇူးအား အထူးသိသည့် ရာဇဝင်ဇာတ်လမ်းတစ်ပုဒ်ကို ရှေးကာလက အခြေခံပညာကျောင်းသင်ခန်းစာတွင် မှတ်သားခဲ့ဖူးပါသည်။ မြန်မာ့သမိုင်း ဦးကုလား မဟာရာဇဝင်တော်ကြီး ပထမတွဲ စာမျက်နှာ ၃၄၃-၃၄၄ တွင် "ငါးစီးရှင်ကျော်စွာ ပင်လယ်ကို စားသောအခါ ညီတော်ဖြစ်သူ စစ်ကိုင်းမင်း အသင်္ချယာစောယွမ်းကို လုပ်ကြံရန် ခေါင်ညိုဟူသော ကျွန်ကို စေတော်မူသည်။ ခေါင်ညိုသည် စစ်ကိုင်းသို့ကူး၍ အရိပ်အခြည်ကြည့်သော် မလုပ်ကြံသာသောကြောင့် တောတွင် သုံးရက်ပုန်းအောင်းနေလေသည်။

ခေါင်ညိုသည် အခါသင့်၍ လုပ်ကြံမည်ဟု နန်းတော်သို့တက်လေရာ နန်းတော်တွင် နတ်တင်ထားသောထမင်းကို တွေ့ရသည်။ သုံးရက်တိုင် ထမင်းမစားခဲ့ရသော ခေါင်ညိုသည် ထိုထမင်းကို အားရစွာ စားပြီးသော် နန်းတော်တွင်းသို့ဝင်၍ အသင်္ချယာစောယွမ်းကို လုပ်ကြံရန် စောယွမ်း၏ ခေါင်းရင်းတွင် ရပ်လေ၏။ ထိုတွင် ခေါင်ညိုသည် **"ဤအသင်္ချယာစောယွမ်းကား ငါ၏ ထမင်းရှင်ဖြစ်၍ ပြစ်မှားမိခြေက သံသရာအပြစ် အလွန်ကြီးမည်"**ဟု အကြံဖြစ်၍ မလုပ်ကြံတော့ဘဲ အသင်္ချယာစောယွမ်းထံ ရောက်ရှိကြောင်း သက်သေပြရန် အရှင်သခင် ကျော်စွာက အသင်္ချယာစောယွမ်းအား ပေးထားသော ပတ္တမြားကျောက်စီဓားကိုသာယူ၍ ပြန်လာခဲ့သည်။

ငါးစီးရှင်လည်း ခေါင်ညို၏ အစီရင်ခံလျှောက်ထားချက်ကို အားရကျေနပ်သဖြင့် အမျက်မထွက်ရုံမက "ထမင်းရှင်ကိုပင် ဤမျှကျေးဇူးသိသော ခေါင်ညိုသည် ငါ့အပေါ်တွင် ကျေးဇူးသိမည်မှာ ဆိုဖွယ်ရာမရှိ"ဟု တွေးတောကာ အလွန်ချီးမွမ်းလျက် ဆုလာဘ်များစွာ ပေးသနားတော်မူလေသည်။"

ဤကျေးဇူးသိတတ်သော ဇာတ်လမ်းမှာ မြန်မာရာဇဝင်သမိုင်းတွင် မှတ်တမ်းအထင်အရှား ရေးထိုးထားပါသည်။ ထမင်းတစ်ဝမ်းစားခဲ့ရသဖြင့် ဘုရင့်အမှုတော်ပျက်ကွက်ခဲ့ရသည်ကို အမှန်အတိုင်းလျှောက်တင်ရာ ဘုရင်ကလည်း အမှန်တရားကို ဆင်ခြင်ကာ နားလည်ပေးနိုင်ခဲ့သည်မှာ မှတ်သားစရာဖြစ်သည်။ ဘုရင့်အမှုတော်ထမ်းက ထမင်းတစ်ဝမ်း ကျေးဇူးသိသလို ဘုရင်အရှင်ကလည်း အမြော်အမြင်ကြီးမားပေသည်။

### ထမင်းတစ်ဝမ်း၏ ကျေးဇူး

လောကတွင် ခေါင်ညိုကဲ့သို့ ဘုရင်ကျော်စွာကဲ့သို့ ထမင်းတစ်လုတ်၊ ထမင်းတစ်ဝမ်း၏ကျေးဇူး မည်မျှကြီးသည်ကို သိနိုင်ရန်လိုအပ်ပေသည်။ ကျေးဇူးသိသောသူအပေါ်တွင် နားလည်ရှုမြင်တတ်သောခေါင်းဆောင်၏ အရည်အချင်းကိုလည်း ခန့်မှန်းနိုင်ပေသည်။ ကျေးဇူးသိတတ်ခြင်းသည် မည်မျှအကျိုးများသည်ကိုလည်း ရှုမြင်နိုင်ပေသည်။

**နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ကျေပွန်စွာထမ်းရွက်ကြသည့် နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံ့ဘဏ္ဍာငွေမှ ချီးမြှင့်သော လစာငွေနှင့် အခါအားလျော်စွာ နိုင်ငံတော်က ပံ့ပိုးကူညီပေးမှုနှင့် သက်ဆိုင်ရာဌာနများက တာဝန်ကို ထမ်းဆောင်မှုအတိုင်းအတာအလျောက် အခွင့်အရေးများ ရရှိမှုကြောင့် ဝန်ထမ်းနှင့်တကွ ဝန်ထမ်းမိသားစု ဂုဏ်ရွှေရစွာနေနိုင်မှု၊ တစ်ဆင့်ထက်တစ်ဆင့် လူမှုဘဝမြင့်မားလာမှုများသည် အစဉ်တည်တံ့ဖြစ်တည်နေသော နိုင်ငံတော်၏ကျေးဇူး၊ သက်ဆိုင်ရာဌာနများ၏ ကျေးဇူးကြောင့် ဖြစ်ထွန်းခဲ့သည်ကို ငြင်းဆိုစရာရှိမည်မဟုတ်ပါ။ နှစ်ပေါင်းရှည်ကြာ ဖြတ်သန်းလာသော လုပ်ငန်းအတွေ့အကြုံများအရ မိမိတို့၏လုပ်ရည်ကိုင်ရည်၊ အတွေးအခေါ်များ မြင့်မားတိုးတက်လာသည်မှာ နိုင်ငံတော်၏ကျေးဇူး၊ မိမိဌာန၏ကျေးဇူးကြောင့်ဖြစ်သည်မှာ ယုံမှားသံသယမရှိပါ။**

လောကတွင် ထမင်းတစ်နပ်ကျေးဇူးထက်ပိုသည့် မွေးကျေးဇူး၊ ဘဝရပ်တည်နိုင်မှုကျေးဇူး၊ ဘဝမြင့်မားလာစေမှု ကျေးဇူးတို့သည် ပိုမိုကြီးမားမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏တာဝန်များ၊ မိမိတို့လုပ်ငန်းဌာန၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြသူများဖြစ်သည်။ ချမ်းသာကြွယ်ဝလို၍ နိုင်ငံ့တာဝန်ထမ်းဆောင်ကြခြင်းမဟုတ်ဘဲ နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုး ထမ်းရွက်လို၍ အမှုထမ်းတာဝန်ဆောင်ရွက်ခြင်းဖြစ်သည်။ ဤကဲ့သို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့်အလျောက် နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများအား ချီးမြှင့်လစာငွေနှင့် ရသင့်သည့်ရိက္ခာ၊ ထိုက်သင့်သည့်အခွင့်အရေးနှင့် သင့်လျော်သည့် ခံစားခွင့်များကို အဆင့်လိုက်ပေးအပ်ထားပေသည်။

### ယုံမှားသံသယမရှိ

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ကျေပွန်စွာ ထမ်းရွက်ကြသည့် နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံ့ဘဏ္ဍာငွေမှ ချီးမြှင့်သော လစာငွေနှင့် အခါအားလျော်စွာ နိုင်ငံတော်က ပံ့ပိုးကူညီပေးမှုနှင့် သက်ဆိုင်ရာဌာနများက တာဝန်ကို ထမ်းဆောင်မှုအတိုင်းအတာအလျောက် အခွင့်အရေးများ ရရှိမှုကြောင့် ဝန်ထမ်းနှင့်တကွ ဝန်ထမ်းမိသားစု ဂုဏ်ရွှေရစွာနေနိုင်မှု၊ တစ်ဆင့်ထက်တစ်ဆင့် လူမှုဘဝမြင့်မားလာမှုများသည် အစဉ်တည်တံ့ဖြစ်တည်နေသော နိုင်ငံတော်၏ ကျေးဇူး၊ သက်ဆိုင်ရာဌာနများ၏ ကျေးဇူးကြောင့် ဖြစ်ထွန်းခဲ့သည်ကို ငြင်းဆိုစရာရှိမည်မဟုတ်ပါ။ နှစ်ပေါင်းရှည်ကြာဖြတ်သန်းလာသော လုပ်ငန်းအတွေ့အကြုံများအရ မိမိတို့၏လုပ်ရည်ကိုင်ရည်၊ အတွေးအခေါ်များ မြင့်မားတိုးတက်လာသည်မှာ နိုင်ငံတော်၏ကျေးဇူး၊ မိမိဌာန၏ကျေးဇူးကြောင့် ဖြစ်သည်မှာ ယုံမှားသံသယမရှိပါ။

အချို့ဌာနများမှ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ ခွင့်ပြုမှု၊ မိမိတို့ဌာနမှ စေလွှတ်ပေးမှုတို့ကြောင့် မိမိတို့ကိုယ်ပိုင်ငွေဖြင့် မည်သို့မျှ ရောက်ရှိရန်မဖြစ်နိုင်သော နိုင်ငံများ၊ ရောက်ရှိရန် မလွယ်ကူသောနိုင်ငံများ၊ အိပ်မက်ပင် မမက်ဖူးသောနိုင်ငံများသို့ ပညာတော်သင်အဖြစ်သော်လည်းကောင်း၊ လုပ်ငန်းတာဝန်အဖြစ်သော်လည်းကောင်း၊ လေ့လာရေးအဖြစ်သော်လည်းကောင်း တစ်ခေါက်ဖြစ်စေ၊ အချို့လည်းတစ်ခေါက်မက၊ အချို့လည်း အကြိမ်ကြိမ်သွားရောက်ခဲ့ကြရပါသည်။ အလွန်ထူးကဲသော ကံကောင်းမှုဖြစ်သည်။ အခြားပြင်ပမှ ပြည်သူများ လုံးဝမရနိုင်သောအခွင့်အရေးဖြစ်သည်။

ထိုကဲ့သို့ တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးကို ကြိုးကြိုးစားစားထမ်းဆောင်ရင်း တစ်ဖက်မှ နိုင်ငံတော်က၊ မိမိတို့ဌာနက လစဉ်ထုတ်ပေးသော လစာငွေအပြင် ဖြည့်ဆည်းဆောင်ရွက်ပေးသော ပုံမှန်အခွင့်အရေးနှင့် ခံစားခွင့်များ၊ အခါအားလျော်စွာ ပေးအပ်သည့် အထူးအခွင့်အရေးများ၊ နိုင်ငံခြားသို့သွားရောက်ရခြင်း အထူးအခွင့်အရေးများနှင့် ရုံးတက်ရုံးဆင်း ကြို၊ ပို့ဆောင်ရွက်ပေးခြင်း၊ နေစရာအိမ်ရာများ ဖြည့်ဆည်းပေးခြင်း၊ ဝတ်စုံစရိတ်များ ထောက်ပံ့ပေးခြင်း စသည့်ခံစားခွင့်များကိုလည်း စဉ်ဆက်မပြတ် ရရှိခဲ့ကြပါသည်။ လုပ်သက်နှင့် အရည်အသွေးနည်းသဖြင့် မခံစားရသေးသော ဝန်ထမ်းများလည်း ကြိုးစားအားထုတ်မှုရှိလျှင်ရှိသလို နောင်တွင်ရရှိလာကြမည်ဖြစ်သည်။

### ကျေးဇူးကို သိတတ်ဖို့လို

ဤကဲ့သို့ ထမင်းတစ်ဝမ်းသာမက ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအတွက်ပါ သင့်တင့်လျောက်ပတ်စွာ ဘဝရပ်တည်နိုင်သော၊ ဂုဏ်သိက္ခာရှိစွာဖြင့် စိတ်အေးလက်အေးနေနိုင်သော အခြေအနေများသည် ပြည်သူများကိုကိုယ်စားပြုသည့်၊ နိုင်ငံတော်နှင့် ပြည်သူများကို အလုပ်အကျွေးပြုသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးဇူးများကြောင့်ဖြစ်ရာ ယင်းကျေးဇူးများကို သိတတ်ဖို့လိုပါသည်။ မိမိတို့ဘဝကို တဖြည်းဖြည်း မြင့်မားတိုးတက်လာအောင် ဆောင်ကြဉ်းပေးခဲ့သော နိုင်ငံတော်နှင့် မိမိတို့တာဝန်ထမ်းဆောင်ရာ လုပ်ငန်းဌာန၏ ကျေးဇူးကို သိတတ်ဖို့လိုပါသည်။

ရန်သူပင်ဖြစ်သော်လည်း ထမင်းတစ်ဝမ်းမျှတည်းဟူသော ကျေးဇူးတရားကိုနားလည်သည့် မင်းမှုထမ်းကဲ့သို့၊ ထမင်းတစ်ဝမ်းကျေးဇူးကို သိသည့် မင်းမှုထမ်းအပေါ်တွင် နားလည်ပေးသည့်၊ အမြော်အမြင်ရှိသည့် မင်းကောင်းမင်းမြတ်ကဲ့သို့ သစ္စာစောင့်သိမှု၊ ဆင်ခြင်တုံတရားရှိမှုတို့ကို မှတ်သားကြရမည်ဖြစ်သည်။ မင်းအပေါ်တွင် ချစ်ခြင်း၊ မုန်းခြင်းမပါသည့် စစ်မှန်သည့်ကျေးဇူးတရား၊ သစ္စာတရားသည်သာ အမွန်မြတ်ဆုံးဖြစ်ပါသတည်း။

နိုင်ငံ့ဝန်ထမ်းအားလုံး နိုင်ငံတော်နှင့် ပြည်သူကို ကိုယ်စားပြုသည့် မိမိတို့ဌာနအသီးသီးအပေါ်တွင် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲမပါဘဲ အစဉ်ထာဝရ သစ္စာရှိစွာ၊ ကျေးဇူးသိတတ်စွာ ဆောင်ရွက်နိုင်ကြပါစေ။ ။

❂ ကျောဖုံးမှ

မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| စဉ် | အကြောင်းအရာ | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြုပြီး | ကျန်ရမည့်အရေအတွက် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | အလျော့ | အတိုး |
| ၁ | ဇမ္ဗူသီရိမြို့နယ် | ၄၅ | ၉၈၅၅၀ | ၆၇၅၆၅ | ၃၀၉၈၅ | ၂၅၀၀၅ | ၅၉၈၀ | |
| ၂ | ဒက္ခိဏသီရိမြို့နယ် | ၂၀ | ၃၅၁၅၃ | ၂၄၄၆၅ | ၁၀၆၈၈ | ၁၀၄၈၅ | ၂၀၃ | |
| ၃ | ဇေယျာသီရိမြို့နယ် | ၇၄ | ၉၀၅၄၉ | ၇၂၀၉၂ | ၁၈၄၅၇ | ၁၈၃၃၃ | ၄၃၈ | ၂၉၄ |
| ၄ | ပုဗ္ဗသီရိမြို့နယ် | ၇၉ | ၁၀၈၉၅၉ | ၇၈၅၇၆ | ၃၀၃၈၃ | ၃၀၃၁၆ | ၉၇၈ | ၉၁၁ |
| ၅ | ဥတ္တရသီရိမြို့နယ် | ၄၉ | ၆၀၅၉၀ | ၄၆၁၅၈ | ၁၄၄၃၂ | ၁၄၁၉၇ | ၂၃၅ | |
| ၆ | တပ်ကုန်းမြို့နယ် | ၁၃၄ | ၂၀၄၃၉၈ | ၁၂၉၂၆၈ | ၇၅၁၃၀ | ၆၈၃၇၄ | ၆၈၀၄ | ၄၅ |
| ၇ | လယ်ဝေးမြို့နယ် | ၁၄၄ | ၂၄၅၆၁၁ | ၁၆၄၀၁၇ | ၈၁၅၉၄ | ၈၁၆၂၈ | ၂၇၄ | ၃၀၈ |
| ၈ | ပျဉ်းမနားမြို့နယ် | ၁၀၁ | ၁၅၀၉၄၁ | ၁၀၅၇၆၂ | ၄၅၁၇၉ | ၄၃၁၉၁ | ၁၉၈၈ | |
| | စုစုပေါင်း | ၆၄၆ | ၉၉၄၇၅၁ | ၆၈၇၉၀၃ | ၃၀၆၈၄၈ | ၂၉၁၅၀၉ | ၁၆၉၀၀ | ၁၅၅၈ |

## ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၉၆၂၀၀ | ၆၇၁၇၅ | ၂၉၀၂၅ | ၂၃၀၆၄ | ၅၉၆၁ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၀၀ | ၃၉၀ | ၁၁၀ | ၉၁ | ၁၉ | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၈၅၀ | - | ၁၈၅၀ | ၁၈၅၀ | | |

ဇမ္ဗူသီရိမြို့နယ်တွင် ရပ်ကွက်ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ်မှာ ၉၆၂၀၀ ဖြစ်ပြီး သုံးစွဲခဲ့သည့်မဲလက်မှတ်အရေအတွက်မှာ ၆၇၁၇၅ ဖြစ်သည်။ လက်ကျန် ၂၉၀၂၅ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၂၃၀၆၄ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၅၉၆၁ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ် လက်ကျန် ၁၁၀ ဖြစ်ရမည်ဖြစ်သော်လည်း မြေပြင်စိစစ်တွေ့ရှိချက်အရ ၉၁ ဖြစ်သည့်အတွက် ၁၉ စောင်လိုအပ်သည်ကို စိစစ်တွေ့ရှိရပါသည်။

## ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၃၃၄၀၀ | ၂၄၃၉၆ | ၉၀၀၄ | ၈၈၀၁ | ၂၀၃ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၆၉ | ၆၉ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၆၈၄ | - | ၁၆၈၄ | ၁၆၈၄ | | |

ဒက္ခိဏသီရိမြို့နယ်တွင် ရပ်ကွက်ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ်မှာ ၃၃၄၀၀ ဖြစ်ပြီး သုံးစွဲခဲ့သည့်မဲလက်မှတ်အရေအတွက်မှာ ၂၄၃၉၆ ဖြစ်သည်။ လက်ကျန် ၉၀၀၄ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၈၈၀၁ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၂၀၃ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။

## ဇေယျာသီရိမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၈၃၅၀၅ | ၆၈၈၂၂ | ၁၄၆၈၃ | ၁၄၂၄၅ | ၄၃၈ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၂၇၀ | ၃၂၇၀ | - | - | - | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၇၇၄ | - | ၃၇၇၄ | ၄၀၆၈ | | ၂၉၄ |

ဇေယျာသီရိမြို့နယ်တွင် ရပ်ကွက်ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ်မှာ ၈၃၅၀၅ ဖြစ်ပြီး သုံးစွဲခဲ့သည့် မဲလက်မှတ်အရေအတွက်မှာ ၆၈၈၂၂ ဖြစ်သည်။ လက်ကျန် ၁၄၆၈၃ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၁၄၂၄၅ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၄၃၈ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။ မြို့နယ်တွင် ကျန်ရှိရမည့် မဲလက်မှတ် အရေအတွက်မှာ ၃၇၇၄ ဖြစ်သော်လည်း မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ၄၀၆၈ ဖြစ်သဖြင့် ၂၉၄ စောင် တရားမဝင်အပိုဖြစ်နေကြောင်း စိစစ်တွေ့ရှိရသည်။

## ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၉၉၂၅၀ | ၇၇၂၆၅ | ၂၁၉၈၅ | ၂၁၀၀၇ | ၉၇၈ | - |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၃၁၁ | ၁၃၁၁ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၈၃၉၈ | | ၈၃၉၈ | ၉၃၀၉ | | ၉၁၁ |

ပုဗ္ဗသီရိမြို့နယ်တွင် ရပ်ကွက်ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ်မှာ ၉၉၂၀၅ ဖြစ်ပြီး သုံးစွဲခဲ့သည့်မဲလက်မှတ်အရေအတွက်မှာ ၇၇၂၆၅ ဖြစ်သည်။ လက်ကျန် ၂၁၉၈၅ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၂၁၀၀၇ သာ ကျန်ရှိသဖြင့် ၉၇၈ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။ မြို့နယ်တွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက်မှာ ၈၃၉၈ ဖြစ်ပြီး မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ၉၃၀၉ စောင် ဖြစ်သဖြင့် ၉၁၁ စောင် တရားမဝင်အပိုဖြစ်နေကြောင်း စိစစ်တွေ့ရှိရသည်။

## ဥတ္တရသီရိမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၅၉၂၅၀ | ၄၅၃၇၁ | ၁၃၈၇၉ | ၁၃၆၄၄ | ၂၃၅ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၇၈၇ | ၇၈၇ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၅၅၃ | | ၅၅၃ | ၅၅၃ | | |

ဥတ္တရသီရိမြို့နယ်တွင် ရပ်ကွက်ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ် ၅၉၂၅၀ ဖြစ်ပြီး သုံးစွဲခဲ့သည့် မဲလက်မှတ်အရေအတွက်မှာ ၄၅၃၇၁ ဖြစ်သည်။ လက်ကျန် ၁၃၈၇၉ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၁၃၆၄၄ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၂၃၅ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။

## တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၉၄၇၅၀ | ၁၂၇၆၁၈ | ၆၇၁၃၂ | ၆၀၃၂၈ | ၆၈၀၄ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၆၄၇ | ၁၆၅၀ | -၃ | | | ၃ |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၈၀၀၁ | | ၈၀၀၁ | ၈၀၄၆ | | ၄၅ |

တပ်ကုန်းမြို့နယ်တွင် ရပ်ကွက်ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ်မှာ ၁၉၄၇၅၀ ဖြစ်ပြီး သုံးစွဲခဲ့သည့်မဲလက်မှတ်အရေအတွက်မှာ ၁၂၇၆၁၈ ဖြစ်သည်။ လက်ကျန် ၆၇၁၃၂ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၆၀၃၂၈ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၆၈၀၄ စောင်ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ် ၁၆၄၇ စောင်ထုတ်ယူရရှိသော်လည်း ၁၆၅၀ စောင် သုံးစွဲထားသဖြင့် ၃ စောင် တရားမဝင် အပိုသုံးစွဲထားကြောင်း စိစစ်တွေ့ရှိရသည်။ မြို့နယ်တွင်ကျန်ရှိရမည့် မဲလက်မှတ် အရေအတွက်မှာ ၈၀၀၁ ဖြစ်သော်လည်း မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ၈၀၄၆ စောင် ဖြစ်သဖြင့် ၄၅ စောင် တရားမဝင်အပိုဖြစ်နေကြောင်း စိစစ်တွေ့ရှိရသည်။

မြို့နယ်တွင် ကြိုတင်ဆန္ဒမဲလက်မှတ်လက်ကျန်၌ ဆန္ဒမဲပေးထားပြီးသူ အမည်ပါရှိသည့် အသုံးမပြုရသေးသော ဆန္ဒပြုတံဆိပ်တုံးထုပြီး မဲလက်မှတ် ၂ စောင်တွေ့ရှိရသည်။

## လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၂၈၁၆၁ | ၁၆၂၆၀၉ | ၆၅၅၅၂ | ၆၅၂၇၈ | ၂၇၄ | - |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၃၀၀ | ၁၄၀၈ | -၁၀၈ | | | ၁၀၈ |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၆၁၅၀ | - | ၁၆၁၅၀ | ၁၆၃၅၀ | - | ၂၀၀ |

လယ်ဝေးမြို့နယ်တွင် ရပ်ကွက်ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ် ၂၂၈၁၆၁ ဖြစ်ပြီး သုံးစွဲခဲ့သည့် မဲလက်မှတ်အရေအတွက်မှာ ၁၆၂၆၀၉ ဖြစ်သည်။ လက်ကျန် ၆၅၅၅၂ ကျန်ရှိရမည် ဖြစ်သော်လည်း မြေပြင်တွင် ၆၅၂၇၈ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၂၇၄ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။ မြို့နယ်တွင် ကျန်ရှိရမည့် လက်မှတ် အရေအတွက်မှာ ၁၆၁၅၀ ဖြစ်သော်လည်း မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ၁၆၃၅၀ ဖြစ်သဖြင့် မဲလက်မှတ် အစောင်ရေ ၂၀၀ တရားမဝင် အပိုဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်ရွက်ရေ ၁၃၀၀ သာ ထုတ်ယူရရှိထားသော်လည်း ၁၄၀၈ ဦး ဆန္ဒမဲပေးထားသည့်အတွက် စာရင်းမပါ တရားမဝင်မဲလက်မှတ် ၁၀၈ ဦး ပိုမိုဆန္ဒပြုခဲ့ကြောင်း တွေ့ရှိရသည်။

## ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၄၅၇၅၀ | ၁၀၄၈၁၈ | ၄၀၉၃၂ | ၃၈၉၄၄ | ၁၉၈၈ | - |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၉၄၄ | ၉၄၄ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၂၄၇ | - | ၄၂၄၇ | ၄၂၄၇ | | |

ပျဉ်းမနားမြို့နယ်တွင် ရပ်ကွက်ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ် ၁၄၅၇၅၀ ဖြစ်ပြီး သုံးစွဲခဲ့သည့် မဲလက်မှတ်အရေအတွက်မှာ ၁၀၄၈၁၈ ဖြစ်သည်၊ လက်ကျန် ၄၀၉၃၂ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၃၈၉၄၄ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၁၉၈၈ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဖေဖော်ဝါရီ ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၃ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၄-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၃-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၄-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၁၁၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၃၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၈၆,၂၀၆) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၈၁၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၄၀၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန



## မလေးရှားနိုင်ငံရောက် နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား ခေါ်ဆောင်လာသော တပ်မတော်စစ်ရေယာဉ်များ နိုင်ငံတကာရေပြင်မှ မြန်မာနိုင်ငံသို့ ဆက်လက်ခုတ်မောင်းလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသား ၁၀၈၆ ဦးအား ပြန်လည်ခေါ်ဆောင်လာသော တပ်မတော်စစ်ရေယာဉ်များသည် ဖေဖော်ဝါရီ ၂၃ ရက် မလေးရှားစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၄၀ တွင် လူမွတ် (Lumut) ရေတပ်ဆိပ်ကမ်းမှ တစ်ဆင့် ပြန်လည်ထွက်ခွာလာခဲ့ကြောင်း သိရသည်။

မြန်မာ့တပ်မတော်မှ စစ်ရေယာဉ်များနှင့်အတူ လိုက်ပါလာသော မြန်မာနိုင်ငံသားများအား စနစ်တကျနေရာချထားပေးခြင်း၊ လမ်းခရီးတစ်လျှောက် လုံခြုံရေး၊ စားသောက်နေထိုင်ရေးနှင့် လိုအပ်သော ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးခြင်းတို့ကို ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)အပါအဝင် စစ်ရေယာဉ်များ၌ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများက ကူညီဆောင်ရွက်ပေးလျက်ရှိရာ ၎င်းတို့အနက်မှ ဖျားနာရောဂါ၊ ချောင်းဆိုးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်သည့် လူနာ ၅၉ ဦးတို့အား ဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ၎င်းတို့၏ မိသားစုဝင်များနှင့် အမြန်ဆုံးတွေ့ဆုံရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၇ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၉၀၁၃၂၇ | ၁၉၂၁၂၅၂၄ | ၅၁၅၂၁၁ |
| ၂။ | အိန္ဒိယ | ၁၁၀၃၄၀၀၀ | ၁၀၇၃၀၆၃၉ | ၁၅၆၆၂၂ |
| ၃။ | ဘရာဇီး | ၁၀၂၆၀၆၂၁ | ၉၂၁၅၁၆၄ | ၂၄၈၆၄၆ |
| ၄။ | ရုရှား | ၄၂၀၀၉၀၂ | ၃၇၅၁၅၆၂ | ၈၄၄၃၀ |
| ၅။ | ဗြိတိန် | ၄၁၃၄၆၃၉ | ၂၆၀၆၉၉၉ | ၁၂၁၃၀၅ |
| ၆။ | ပြင်သစ် | ၃၆၂၉၈၉၁ | ၂၅၂၀၈၃ | ၈၅၀၄၄ |
| ၇။ | စပိန် | ၃၁၆၁၄၃၂ | ၂၅၆၁၁၀၂ | ၆၈၀၇၉ |
| ၈။ | အီတလီ | ၂၈၃၂၁၆၂ | ၂၃၄၇၈၆၆ | ၉၆၃၄၈ |
| ၉။ | တူရကီ | ၂၆၅၅၆၃၃ | ၂၅၃၄၉၉၆ | ၂၈၂၁၃ |
| ၁၀။ | ဂျာမနီ | ၂၄၀၈၅၉၁ | ၂၂၁၇၇၀၀ | ၆၉၃၄၁ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၃၀၆၁၄၁ | ၁၁၁၂၇၂၅ | ၃၅၂၅၄ |
| ၂။ | ဖိလစ်ပိုင် | ၅၆၆၄၂၀ | ၅၂၃၂၁ | ၁၂၁၂၉ |
| ၃။ | မလေးရှား | ၂၉၁၇၇၄ | ၂၆၀၀၀၉ | ၁၀၈၈ |
| ၄။ | မြန်မာ | ၁၄၁၈၁၆ | ၁၃၁၄၀၅ | ၃၁၉၇ |
| ၅။ | စင်ကာပူ | ၅၉၈၉၀ | ၅၉၇၅၃ | ၂၉ |
| ၆။ | ထိုင်း | ၂၅၆၉၂ | ၂၄၅၄၂ | ၈၃ |
| ၇။ | ဗီယက်နမ် | ၂၄၁၂ | ၁၇၉၀ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၆၃၃ | ၄၇၆ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၂ | ၀ |

## အရပ်သားဆရာဝန်များနှင့် သူနာပြုများ မရှိ၍ ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းမြို့ ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးပြည်သူ့ဆေးရုံနှင့် ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များက တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အားစေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့်ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့ပြင် ကျောက်တံခါးမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ၌ လိုအပ်သော ဆေးဝါးများ ဝယ်ယူဖြည့်တင်းရန်အတွက် စေတနာရှင်အလှူရှင်များက အလှူငွေကျပ် ကိုးသိန်းအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အတိုးနှုန်းသက်သာသော ချေးငွေရယူလိုသည့် ကုန်စုံဆိုင်ငယ်များ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ဆက်သွယ်၍ ချေးငွေရယူနိုင်

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**
**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**
**အသိပေးကြေညာချက်**

၁။ COVID–19 ကပ်ရောဂါဘေးကြောင့် စီးပွားရေးထိခိုက်မှုရှိခဲ့သော နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်း အခြေတကျ ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ကုန်စုံဆိုင်ငယ်များသို့ အတိုးနှုန်း သက်သာသောချေးငွေ (ချေးငွေသက်တမ်း ၁ နှစ်) ကို ၁ နှစ်လျှင် အတိုးနှုန်း ၂% ဖြင့် တစ်ဆိုင်လျှင် အများဆုံးချေးငွေပမာဏ ကျပ်သိန်း (၅၀) အထိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနက အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှတစ်ဆင့် ထုတ်ချေးမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ရာ အတိုးနှုန်းသက်သာသော ချေးငွေရယူလိုသည့် ကုန်စုံဆိုင်ငယ်များအနေဖြင့် အောက်ပါဇယားတွင် ဖော်ပြထားသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ချေးငွေရယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| တိုင်းဒေသကြီး / ပြည်နယ် | ဆက်သွယ်ရမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအမည် |
|---|---|
| ကချင်ပြည်နယ် | ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်)ဒယ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ |
| ကယားပြည်နယ် | Alliance for Microfinance in Myanmar ၊ ဟာနာမိုက်ခရို ဖိုင်းနိုက်(စ်) လီမိတက်၊ စထာပါနာလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်)ဒယ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ |
| ကရင်ပြည်နယ် | ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက်၊ စထာပါနာလီမိတက်၊ အားလီးဒွန်းမိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ |
| ချင်းပြည်နယ် | ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက်၊ |
| စစ်ကိုင်းတိုင်းဒေသကြီး | Alliance for Microfinance in Myanmar ၊ ဟာနာမိုက်ခရို ဖိုင်းနိုက်(စ်) လီမိတက်၊ Pact (Global micro Finance Fund) အဖွဲ့အစည်း၊ မြတ်ကျွန်းသာအသေးစားငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီ မြန်မာမိုက်ခရို ဖိုင်းနန့်(စ်)၊ စထာပါနာလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ |
| တနင်္သာရီတိုင်းဒေသကြီး | ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက်၊ ထားဝယ်ဖွံ့ဖြိုးတိုးတက်မှုအများပိုင်ကုမ္ပဏီလီမိတက်၊ အောင်ပြည့်ဖြိုးကျော်ကုမ္ပဏီလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ |
| နေပြည်တော် | Blue Lion Microfinance (Myanmar) Co., Ltd.၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်)လီမိတက်၊ ဆန္ဒဘုန်းပြည့်အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ အင်နိုကယ်ပီတယ်လ်မိုက်ခရိုဖိုင်းနန့်စ် ကုမ္ပဏီလီမိတက်၊ Khant Thu Walar Microfinance Co. Ltd. ၊ စထာပါနာလီမိတက် |
| ပဲခူးတိုင်းဒေသကြီး(အနောက်) | ASA Microfinance (Myanmar) Ltd.၊ မြတ်ကျွန်းသာ အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီလီမိတက်၊ အားလီးဒွန်းမိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်)၊ စထာပါနာလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ |
| ပဲခူးတိုင်းဒေသကြီး(အရှေ့) | ASA Microfinance (Myanmar) Ltd.၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်) လီမိတက်၊ မြတ်ကျွန်းသာအသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်)၊ အားလီးဒွန်း မိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက်၊ စထာပါနာလီမိတက်၊ |
| မကွေးတိုင်းဒေသကြီး | ASA Microfinance (Myanmar) Ltd.၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်) လီမိတက်၊ Pact (Global micro Finance Fund) အဖွဲ့အစည်း၊ အင်နိုကယ်ပီတယ်လ်မိုက်ခရိုဖိုင်းနန့်စ်ကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်) ၊ အားလီးဒွန်း မိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက်၊ စထာပါနာလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်)ဒယ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ Alliance for Microfinance in Myanmar ၊ |
| မန္တလေးတိုင်းဒေသကြီး | Alliance for Microfinance in Myanmar ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်) လီမိတက်၊ Pact (Global micro Finance Fund) အဖွဲ့အစည်း ၊ Social Vision Microfinance Myanmar Co., Ltd. ၊ မြတ်ကျွန်းသာ အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီ မြန်မာမိုက်ခရိုဖိုင်းနန့်(စ်) ၊ အားလီးဒွန်း မိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက်၊ စထာပါနာလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ |
| မွန်ပြည်နယ် | ASA Microfinance (Myanmar) Ltd. ၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်) လီမိတက်၊ အင်နိုကယ်ပီတယ်မိုက်ခရိုဖိုင်းနန့်စ် ကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီ၊ အားလီးဒွန်းမိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ စထာပါနာလီမိတက်၊ |
| ရခိုင်ပြည်နယ် | ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက်၊ Pact (Global micro Finance Fund) အဖွဲ့အစည်း၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ |
| ရန်ကုန်တိုင်းဒေသကြီး | ASA Microfinance (Myanmar) Ltd. ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက်၊ Pact (Global micro Finance Fund) အဖွဲ့အစည်း၊ Yangon Y Rural Development Microfinance Co., Ltd. ၊ အင်နိုကယ်ပီတယ်လ်မိုက်ခရိုဖိုင်းနန့်စ် ကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီ မြန်မာမိုက်ခရိုဖိုင်းနန့်(စ်)၊ အားလီးဒွန်းမိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက်၊ မေထွဋ်ကုမ္ပဏီလီမိတက်၊ ဘီအမ်အက်(ဖ်) မိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက်၊ စထာပါနာလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ |
| ရှမ်းပြည်နယ်(တောင်) | Alliance for Microfinance in Myanmar ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်) လီမိတက်၊ Pact (Global micro Finance Fund) အဖွဲ့အစည်း၊ မြတ်ကျွန်းသာအသေးစား ငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်)၊ စထာပါနာလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်)ဒယ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ |
| ရှမ်းပြည်နယ်(မြောက်) | Pact (Global micro Finance Fund) အဖွဲ့အစည်း၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ |
| ဧရာဝတီတိုင်းဒေသကြီး | ASA Microfinance (Myanmar) Ltd. ၊ Pact (Global micro Finance Fund) အဖွဲ့အစည်း ၊ Yangon Y Rural Development Microfinance Co., Ltd. ၊ မြတ်ကျွန်းသာအသေးစား ငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ သပြေထွန်းကုမ္ပဏီလီမိတက်၊ အင်နိုကယ်ပီတယ်လ် မိုက်ခရိုဖိုင်းနန့်စ် ကုမ္ပဏီလီမိတက်၊ စထာပါနာလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ |

၃။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်အလိုက် ချေးငွေရယူနိုင်သော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အမည်စာရင်းများအား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ Website: www.frd.gov.mm နှင့် Facebook Page– Financial Regulatory Department တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

# မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဌာနဆိုင်ရာများ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေး



**မော်လမြိုင် ဖေဖော်ဝါရီ ၂၄**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲက မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အောင်ဆန်းခန်းမ၌ ဌာနဆိုင်ရာများ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးသည်။

**ဆွေးနွေးတင်ပြ**

တွေ့ဆုံဆွေးနွေးပွဲတွင် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများနှင့် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

**ညှိနှိုင်းဆွေးနွေး**

ထို့နောက် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များက ဌာနဆိုင်ရာများမှ တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးပြီး မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# သူရဲကောင်းဟု ဆိုရာဝယ် ...

လင်းနိုင်

မှန်ကန်တာကို ရဲဝံ့စွာဆောင်ရွက်တတ်သူကို သူရဲကောင်းဟု ဆိုပါတယ်။ မှန်ကန်တာနဲ့ ဒွန်တွဲနေခြင်းက ရဲရင့်ခြင်း။ ဘယ်လို မှန်ကန်ရမှာလဲဆိုရင် သစ္စာမှန်ကန်ရမှာ။ ရဲရင့်ခြင်းဆိုရာမှာလည်း သတ္တိရဲရင့်ရမှာ။ သတ္တိဟုဆိုရာမှာလည်း မှန်ကန်သောကိစ္စကို ရဲဝံ့စွာ ပြုလုပ်ခြင်းသာမကဘဲ မကောင်းမှုကို မလုပ်မိအောင် စောင့်ထိန်းနိုင်ခြင်း၊ မှားယွင်းသော ဆန္ဒလောဘကို မပြုမိအောင် ချုပ်တည်းနိုင်ခြင်း၊ သည်းခံနိုင်ခြင်းတို့ကို ဆိုလိုတာဖြစ်တယ်။

**သူရဲကောင်းတွေ ပေါ်ထွက်**

ဒီနှစ်ပိုင်းကာလမှာ မြန်မာနိုင်ငံမှာရောကမ္ဘာမှာပါ သူရဲကောင်းတွေ တော်တော်များများ ပေါ်ထွက်လာတာ အားလုံး မေ့ကြဦးမှာ မဟုတ်ပါဘူး။ သူတို့တွေကတော့ အသက်ကို ပဓာနမထားဘဲ ကိုဗစ်-၁၉ လူနာတွေကို ရှေ့တန်းကနေ မားမားမတ်မတ်ရပ်တည်ပြီး ကာကွယ်စောင့်ရှောက်မှုပြုနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေပါပဲ။

မြန်မာနိုင်ငံမှာ မကြာမီရက်ပိုင်းက အရေးပေါ်အခြေအနေကို ကြေညာခဲ့ရပြီး နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာအရပ်ရပ်ကို တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ နဲ့အညီ လွှဲပြောင်းတာဝန်ထမ်းဆောင်ခဲ့တယ်။ ဖေဖော်ဝါရီလ ပထမပတ်မှာပဲ ကျန်းမာရေးဝန်ထမ်းအချို့က ဖဲကြိုးနီလှုပ်ရှားမှု စတင်ခဲ့တာကို တွေ့လိုက်ရတယ်။ အဲဒီနောက် ဆရာဝန်အချို့၊ သူနာပြုအချို့၊ အခြားဝန်ကြီးဌာနအသီးသီးက ဝန်ထမ်းအချို့ပါ Civil Disobedience Movement-CDM မှာ ပါဝင်လှုပ်ရှားလာကြတယ်။

သွေးထိုးလှုံ့ဆော်သူတွေကလည်း မဆင်မခြင်ပြုလုပ်လာကြတယ်။ CDM မှာ မပါဝင်သူတွေကို လုပ်ငန်းခွင် ရုံးအဆောက်အအုံနားအထိ လိုက်လံသိက္ခာချတဲ့ လုပ်ရပ်တွေ လုပ်လာကြတာကို လူမှုကွန်ရက်တွေမှာ တွေ့မြင်လာရတယ်။ တကယ်တော့ ဒီလို အာဏာရှင် လုပ်ရပ်တွေကို ဒီမိုကရေစီကြိုက်တဲ့ လမ်းပေါ်ထွက်ဆန္ဒပြကြသူတွေက လုပ်နေကြတာ မြင်လိုက်ရမှ ကိုယ့်နိုင်ငံက ပြည်သူတချို့ဟာ စာဖတ်အားနည်းပြီး ဖတ်တဲ့စာတွေကလည်း ဘဝအတွက် အားမဖြစ်တာတွေမှန်း သိလိုက်ရတယ်။

တပ်မတော်အနေနဲ့ ယခုကဲ့သို့ တာဝန်ယူထမ်းဆောင်ခဲ့ရခြင်းဟာ စစ်မှန်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရေးမှာ လမ်းကြောင်းလွဲမှားမှု မရှိစေရေးအတွက် ထိန်းသိမ်းပေးခြင်းသာဖြစ်ကြောင်းကို ဖေဖော်ဝါရီလ ၁ ရက်နေ့ကစပြီး ကြေညာချက်တွေ၊ သတင်းထုတ်ပြန်ချက်တွေ၊ ပြည်သူလူထုကို ပြောကြားတဲ့မိန့်ခွန်းတွေ၊ အစည်းအဝေးမိန့်ခွန်းတွေမှာ ဖော်ပြခဲ့တဲ့အပြင် ဖေဖော်ဝါရီလ ၁၆ ရက်နေ့က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ပြီး ရှင်းပြခဲ့ပြီး ဖြစ်ပါတယ်။

> **ဆေးရုံပိတ်ထားလိုက်ရတဲ့ ဒေသက တိုင်းရင်းသား ပြည်သူတွေအနေနဲ့ ကျန်းမာရေးကိစ္စတွေ့ကြုံလာရင် များစွာဒုက္ခရောက်နေမယ်ဆိုတဲ့ အတွေးအပိုင်းအစလေးသာ လမ်းပေါ်လှမ်းလျှောက်ရင်း၊ အော်ရင်းနဲ့ စဉ်းစားမိမယ်ဆိုရင် ကြင်နာတတ်တဲ့ နှလုံးလှရှိသူ ကျန်းမာရေးဝန်ထမ်းတွေဟာ မိခင်ဌာနရင်ခွင်ဆီ အချိန်မီပြေးခိုလှည့်ဖို့ နိုင်ငံတော်နဲ့ ဒေသခံတိုင်းရင်းသား ပြည်သူတွေက ကမ်းလင့်လို့ ကြိုဆိုနေမှာ အမှန်ပါပဲ။ သို့မှသာ နှလုံးသားလှပြီး သူရဲကောင်းပီသတဲ့ ကျန်းမာရေးသူရဲကောင်းတွေကို ပြည်သူအပေါင်းက ထာဝရလေးစားချစ်ခင်ကာ အားကိုးနေမှာဖြစ်။**

သစ္စာအဓိဋ္ဌာန်အသီးသီးကို ဆိုရွတ်ခဲ့ကြတဲ့ ကျန်းမာရေးဝန်ထမ်း တချို့ကိုတော့ အပြစ်တင်စကား ဆိုချင်ပေမယ့် 'ပညာရှိ သတိဖြစ်ခဲ' စကားပုံပမာလည်း ဖြစ်နိုင်တာကြောင့် မပြောလိုတော့ပါ။ လွတ်လပ်စွာ သဘောထားကွဲလွဲနိုင်တဲ့၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မထိခိုက်စေဘဲ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်နိုင်တဲ့ ဒီမိုကရေစီစနစ် ကျင့်သုံးနေတဲ့ မြန်မာနိုင်ငံပင် မဟုတ်ပါလော။

ဆရာဝန်တွေအနေနဲ့ ပြည်သူတွေရဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေကို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းတွေမှာ တာဝန်ထမ်းဆောင်နိုင်ဖို့ ကတိသစ္စာ အဓိဋ္ဌာန် (၉) ချက်ကို ရွတ်ဆိုခဲ့ကြရသူတွေ ဖြစ်ပါတယ်။ '**ကျွန်ုပ်ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် လူသားတို့၏ ဘဝနှင့်အသက်ကို တန်ဖိုးထားလေးစားစွာ ကာကွယ်စောင့်ရှောက်ပါအံ့**' ဟု သစ္စာဆိုထားကြတဲ့ ဆရာဝန်တွေအနေနဲ့ တိုင်းရင်းသားပြည်သူတွေကို ဆေးကုသမှု မပြုလုပ်ဘဲ CDM မှာ ပါဝင်နေတာ၊ ပါဝင်ဖို့ လှုံ့ဆော်နေတာတွေဟာ ယင်းတို့ရဲ့ ကတိသစ္စာအဓိဋ္ဌာန်ကို ချိုးဖောက်နေခြင်းပဲဖြစ်တာကို သတိပြုမိဖို့ လိုပါတယ်။

**ကျင့်ဝတ်ကို ဖောက်ဖျက်**

သူနာပြုတွေဆိုရင်လည်း ၎င်းတို့ ကတိသစ္စာအဓိဋ္ဌာန်တွင် '**လူသားအားလုံး၏ ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေးကို ကျွန်ုပ်၏ အရေးကိစ္စဟု ယူဆပါအံ့၊ လူသားတို့၏ အသက်အန္တရာယ်နှင့် ကျန်းမာရေးထိခိုက်စေမည့် မည်သည့်အပြုအမူမျိုးကိုမဆို တားဆီးကာကွယ်ပါအံ့**' ဟု သစ္စာဆိုထားသူတွေ ဖြစ်ကြပါတယ်။ ယခုကဲ့သို့ CDM လှုပ်ရှားမှုမှာ ပါဝင်နေကြတဲ့ သူနာပြုဝန်ထမ်းတွေအနေနဲ့လည်း ကျင့်ဝတ်ကို ဖောက်ဖျက်နေကြသူတွေ ဖြစ်နေတယ်ဆိုတာကို သတိချပ်သင့်ပါတယ်။

ဆရာဝန်၊ သူနာပြုတွေဟာ ထားရှိတဲ့ သစ္စာယိမ်းယိုင်ခြင်းကြောင့် နောက်ဆုံးမှာ ထိခိုက်နစ်နာဆုံးရှုံးရတာက ပြည်သူတွေပဲဆိုတာ အချိန်မလွန်ခင် အမြင်မှန်ရသင့်ပြီလို့ ဆိုချင်ပါတယ်။

**နှလုံးလှရှိသူ**

မြန်မာနိုင်ငံမှာရှိတဲ့ ဆေးရုံ ၁၂၆၂ ရုံမှာ ဆေးရုံ ၇၇၈ ရုံသာ တိုင်းရင်းသားပြည်သူတွေကို ကုသပေးလျက်ရှိပြီး ဆေးရုံ ၂၇ ရုံကတော့ ဖွင့်လှစ်ထားပေမယ့် လူနာလက်ခံကုသပေးခြင်း မရှိဘူးလို့ ကြားသိရပါတယ်။ အဲဒီထက်ဆိုးတာကတော့ ကျန်းမာရေးဝန်ထမ်းတွေ လမ်းပေါ်ထွက် ဆန္ဒပြနေကြတာကြောင့် ဆေးရုံ ၃၅၇ ရုံကို ပိတ်ထားရခြင်းပါပဲ။ ဆေးရုံပိတ်ထားလိုက်ရတဲ့ ဒေသက တိုင်းရင်းသားပြည်သူတွေအနေနဲ့ ကျန်းမာရေးကိစ္စ တွေ့ကြုံလာရင် များစွာဒုက္ခရောက်နေမယ်ဆိုတဲ့ အတွေးအပိုင်းအစလေးသာ လမ်းပေါ်လှမ်းလျှောက်ရင်း၊ အော်ရင်းနဲ့ စဉ်းစားမိမယ်ဆိုရင် ကြင်နာတတ်တဲ့ နှလုံးလှရှိသူ ကျန်းမာရေးဝန်ထမ်းတွေဟာ မိခင်ဌာနရင်ခွင်ဆီ အချိန်မီ ပြေးခိုလှည့်ဖို့ နိုင်ငံတော်နဲ့ ဒေသခံ တိုင်းရင်းသား ပြည်သူတွေက ကမ်းလင့်လို့ ကြိုဆိုနေမှာ အမှန်ပါပဲ။ သို့မှသာ နှလုံးသားလှပြီး သူရဲကောင်းပီသတဲ့ ကျန်းမာရေး သူရဲကောင်းတွေကို ပြည်သူအပေါင်းက ထာဝရလေးစားချစ်ခင်ကာ အားကိုးနေမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးလည်း အားကိုးနေရဖို့ မျှော်လင့်ထားပါတယ်။

လွန်ခဲ့တဲ့ နှစ် ၇၀ ကျော်က မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့ မိန့်ခွန်းလေးနဲ့ပဲ အဆုံးသတ်ပါရစေ။ "**စည်းနဲ့ကမ်းနဲ့ ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ လွတ်လပ်ရေး အရသာကို စံစားခံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ ယခုကတည်းကခင်ဗျားတို့ကိုယ်ကိုယ် အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ သောက်ကျင့်တွေ ပြင်ကြဖို့ လိုပြီဆိုတာ ပြောချင်တယ်**" ဆိုတာပါပဲ။

ဗိုလ်ချုပ်ကို ချစ်တယ်ဆိုပြီး ဗိုလ်ချုပ်ရဲ့ ကောင်းမွန်တဲ့ ဆုံးမစကားတွေကို တစ်ခုမျှ မလိုက်နာဘဲ စည်းမဲ့ကမ်းမဲ့ အာဏာရှင်ဆန်ဆန် ပြုလုပ်နေတဲ့ CDM မှာ ပါဝင်နေမှုကို အမြန်ဆုံးအဆုံးသတ်ကာ ကျန်းမာရေး သူရဲကောင်းတွေပီပီ တိုင်းရင်းသား ပြည်သူတွေအတွက် ပြည်သူ့ဆေးရုံမှာ ပြန်လည်ရုံးတက်ရင်း ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုတွေကို နွေးထွေးစွာ ပြန်လည်ပေးကြပါစို့လို့ တိုက်တွန်းရေးသား ဖိတ်ခေါ်လိုက်ရပါတယ်။ ။

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များကို ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြသည့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များ ရှင်းလင်းတင်ပြသည့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြန်လည်ထူထောင်ရေးဦးစီးဌာနက မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဖြစ်ပေါ်လာပုံနှင့် အကြောင်းအရာများ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များ၊ အမျိုးသားကော်မတီနှင့် ဆက်စပ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီပြင်ဆင်ဖွဲ့စည်းရန် အဆိုပြုခြင်းတို့ကို ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြသည်။



အစည်းအဝေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ(၅)နှစ်စီမံကိန်း အချောသတ်ရေးဆွဲနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များတွင် ဆောင်ရွက်ရန်ကျန်ရှိသည့် အစည်းအဝေးဆုံးဖြတ်ချက်တို့ကို ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကိုလည်း ပြန်လည်ပြင်ဆင်ဖွဲ့စည်း၍ အစည်းအဝေးများ ဆက်လက်ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းအရေးဆောင်ရွက်နေကြသည့် UN, INGO, NGO အဖွဲ့အစည်းများနှင့်လည်းတွေ့ဆုံ၍ လုပ်ငန်းစဉ်များ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ပါကြောင်း လမ်းညွှန်ဆွေးနွေးပြောကြားခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာသူများနှင့် ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အင်ဒိုနီးရှားနိုင်ငံရှိ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

**ဂျကာတာ ဖေဖော်ဝါရီ ၂၄**

အင်ဒိုနီးရှားနိုင်ငံရှိ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား ယနေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့ကြောင်း သမ္မတ ဂျိုကိုဝီဒိုဒို က ပြောကြားသည်။

ဂျကာတာမြို့တွင် အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်စတင်ခဲ့ပြီး နိုင်ငံအတွင်းရှိ ပြည်နယ် ၃၃ ခုတွင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ ဆရာ ဆရာမနှင့် ပညာရေးဝန်ထမ်းအရေအတွက် ငါးသန်းအား ၂၀၂၁ ခုနှစ် ဇွန်လမတိုင်မီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးရန် သတ်မှတ်ထားကြောင်း သိရသည်။ မိမိတို့က ဆရာ ဆရာမများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းအားဖြင့် လာမည့်စာသင်နှစ်ကို မကြာမီ စတင်နိုင်မည်ဖြစ်ကြောင်း ဂျိုကိုဝီဒိုဒိုက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး နိုင်ငံသားပေါင်း ၁၈၁ ဒသမ ၅ သန်းကို လာမည့်နှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြီးအစီးထိုးနှံပေးနိုင်ရန် ဆောင်ရွက်နေသည်။ တရုတ်နိုင်ငံ Sinovac ဆေးဝါးကုမ္ပဏီမှထုတ်လုပ်သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၈ သန်းမှာ နိုင်ငံအတွင်းသို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။

အဆိုပါရောက်ရှိလာသော ဆေးဝါးများအား အနောက်ဂျာဗားပြည်နယ်ရှိ PT Biofarma ဆေးဝါးကုမ္ပဏီသို့ ပို့ဆောင်ခဲ့ပြီး အသင့်သုံးစွဲနိုင်ရန် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**




# အီကွေဒေါနိုင်ငံ၌ အကျဉ်းထောင်ဆူပူမှုကြောင့် အကျဉ်းသား ၇၅ ဦးထက်မနည်း သေဆုံး

**ဂွါယာကွီးလ်(အီကွေဒေါ) ဖေဖော်ဝါရီ ၂၄**

အီကွေဒေါနိုင်ငံရှိ ကျပ်ညပ်ပြည့်သိပ်နေသော အကျဉ်းထောင်သုံးခုတွင် ယမန်နေ့က ပြိုင်ဘက်လူဆိုးဂိုဏ်းများအကြား တိုက်ခိုက်မှုများ တစ်ပြိုင်နက်ဖြစ်ပွားခဲ့ပြီးနောက် အကျဉ်းသား ၇၅ ဦး ထက်မနည်းသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း အီကွေဒေါအာဏာပိုင်များက ယနေ့ ပြောကြားသည်။

အီကွေဒေါနိုင်ငံ၏ အနောက်ဘက် ဂွါယာစ်ပြည်နယ် ဂွါယာကွီးလ်ဆိပ်ကမ်းမြို့ရှိ အကျဉ်းထောင်တစ်ခုတွင် ၂၁ ဦး၊ နိုင်ငံ၏တောင်ဘက် အင်ဒီးစ်တောင်တန်းဒေသ ကွင်ကာမြို့ရှိ အကျဉ်းထောင်တစ်ခုတွင် ၃၃ ဦးနှင့် နိုင်ငံ၏အလယ်ပိုင်း ကိုတိုပါရီ ပြည်နယ် လာတာကျုံဂါမြို့ရှိ အကျဉ်းထောင်တွင် ရှစ်ဦး စသည်ဖြင့် ပြိုင်ဘက် လူဆိုးဂိုဏ်းများအကြား အဓိကရုဏ်းဖြစ်ပွားရာမှ သေဆုံးခဲ့ကြောင်း အကျဉ်းထောင် စီမံခန့်ခွဲရေး ညွှန်ကြားရေးမှူး အက်ဒ်မန်ဒိုမွန်ကာယိုက ပြောကြားသည်။

တစ်ချိန်တည်းမှာပင် အီကွေဒေါသမ္မတ လီနင်မော်ရီနိုက နိုင်ငံအတွင်းရှိ အကျဉ်းထောင်အများအပြားတွင် လူဆိုးဂိုဏ်းများက တစ်ပြိုင်နက်တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း၊ သို့သော် အာဏာပိုင်များသည် ယင်းအကျဉ်းထောင်ဆူပူအုံကြွမှုများကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ၎င်းက တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

အီကွေဒေါအစိုးရသည် ကိုဗစ်-၁၉ ရောဂါကာလအတွင်း နိုင်ငံအတွင်းရှိ အကျဉ်းထောင်များတွင် ထိန်းသိမ်းထားသော အကျဉ်းသားဦးရေလျှော့ချရန် အမှုသေးငယ်သော အကျဉ်းသားများ၏ ပြစ်ဒဏ်အား လျှော့ပေါ့ပေးခြင်းအားဖြင့် အကျဉ်းထောင်များရှိ အကျဉ်းသားဦးရေကို ၄၂ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချလိုက်သည်။

သို့သော် လက်ရှိအချိန်တွင် အီကွေဒေါနိုင်ငံ၌ အကျဉ်းထောင် ၆၀ ခန့်ရှိပြီး ယင်းအကျဉ်းထောင်အားလုံးတွင် အကျဉ်းသားပေါင်း ၂၉၀၀၀ ခန့်သာ ဝင်ဆံ့သော်လည်း အကျဉ်းသား ၃၈၀၀၀ အထိ ထိန်းသိမ်းထားကာ အကျဉ်းထောင်အစောင့် ၁၅၀၀ ခန့် ဖြန့်ကြက်ထားကြောင်း သိရသည်။ အီကွေဒေါနိုင်ငံအတွင်းရှိ အကျဉ်းသား ၇၀ ရာခိုင်နှုန်းခန့်သည် ပဋိပက္ခဖြစ်ပွားသည့် အဆိုပါအကျဉ်းထောင်သုံးခုတွင် ထိန်းသိမ်းခြင်းခံရကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**

# ဂါနာနိုင်ငံက COVAX အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လက်ခံရရှိ

**အက်ခရာ(ဂါနာ) ဖေဖော်ဝါရီ ၂၄**

ဂါနာနိုင်ငံသည် COVAX အစီအစဉ်မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်အား ယနေ့ လက်ခံရရှိခဲ့ရာ ကမ္ဘာပေါ်တွင် COVAX အစီအစဉ်မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမဆုံး လက်ခံရရှိသည့်နိုင်ငံ ဖြစ်လာကြောင်း ကုလသမဂ္ဂနိုင်ငံတကာ ကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပူးတွဲထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဂါနာနိုင်ငံအနေဖြင့် COVAX အစီအစဉ်မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ပထမဆုံးလက်ခံရရှိမှုအပေါ် မိမိတို့ဝမ်းသာမိပါကြောင်း ယူနီဆက်အဖွဲ့က ပြောကြားသည်။ ယူနီဆက်အဖွဲ့သည် အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့မှ ဂါနာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတင်ပို့မှုကို ဦးဆောင်စီစဉ်သောအဖွဲ့ဖြစ်သည်။

အိန္ဒိယဆေးဝါးကုမ္ပဏီ တစ်ခုဖြစ်သည့် Serum ဆေးဝါးကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၆၀၀၀၀၀ ခန့်ကို COVAX အစီအစဉ်ဖြင့် ဂါနာနိုင်ငံသို့ ပို့ဆောင်ပေးခြင်းဖြစ်သည်။ ယခုအခါ Serum ဆေးဝါးကုမ္ပဏီသည် ဝင်ငွေနည်းပါးသော ကမ္ဘာ့နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိ ကမ္ဘာ့နိုင်ငံများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့တင်ပို့သည့် ဆေးဝါးကုမ္ပဏီတစ်ခု ဖြစ်လာခဲ့သည်။




လက်ရှိအချိန်အထိ ဂါနာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၀၇၅၉ ခန့်ရှိပြီး ၎င်းတို့အနက် ၅၈၂ ဦးသည် ယင်းရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဂါနာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ် စတင်ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများကို ပထမဦးစားပေးအနေဖြင့် ထိုးနှံပေးသွားမည်ဖြစ်သည်။ နောက်ပိုင်းတွင် နိုင်ငံ၏ သမိုင်းတစ်လျှောက် အကြီးမားဆုံး ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ယူနီဆက်အမှုဆောင်ညွှန်ကြားရေးမှူး ဟင်ရစ်တာဖောက ပြောကြားသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

# အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ ကုန်တင်ရထားနှင့် ကုန်တင်ယာဉ်တစ်စီးတို့တိုက်မိ၊ ပြင်းထန်သောပေါက်ကွဲမှုများ ဖြစ်ပွား



**တက္ကဆက် ဖေဖော်ဝါရီ ၂၄**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ လောင်စာဆီနှင့် ကျောက်မီးသွေးများ သယ်ဆောင်လာသည့် ကုန်တင်ရထားတစ်စင်းနှင့် ကုန်တင်ယာဉ်တစ်စီးတို့ တိုက်မိခဲ့ရာ ပြင်းထန်သော ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

အဆိုပါပေါက်ကွဲမှုများ ဖြစ်ပွားပြီးနောက် မီးခိုးလုံးများ ကောင်းကင်ယံသို့ လွင့်ပျံတက်သွားသည့် မှတ်တမ်းတင်ဗီဒီယိုဖိုင်များ အွန်လိုင်းပေါ်တွင် ပျံ့နှံ့လျက်ရှိသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာအနီးရှိ လူနေအိမ်တစ်လုံး မီးလောင်ပျက်စီးခဲ့ပြီး အနီးဝန်းကျင်ရှိ ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

ကုန်တင်ယာဉ်မောင်းသမားနှင့် ကုန်တင်ရထားပေါ်တွင် လိုက်ပါစီးနင်းလာသူများမှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ အခင်းဖြစ်နေရာမှ လွတ်မြောက်လာခဲ့ကြောင်း ရဲအရာရှိများက ဆိုသည်။

မီးရထား၏ နောက်ဘက်တွဲဆိုင်းများတွင် ဓာတုဗေဒပစ္စည်းများ သယ်ဆောင်လာခဲ့ကြောင်းနှင့် ရထားတွဲဆိုင်း အနည်းဆုံး သုံးခု မီးလောင်ကျွမ်းခဲ့ရကြောင်း ဒေသန္တရ မီဒီယာများက သတင်းဖော်ပြသည်။

မီးလောင်မှုများကို ယခုအချိန်တွင် ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ဆိုသည်။

အခင်းဖြစ်ပွားမှု၏ အကြောင်းရင်းခံနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်မည်




**ဝါရှင်တန်  ဖေဖော်ဝါရီ ၂၄**

အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer က ၎င်း၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် အသက် ၁၁ နှစ်နှင့် ၁၁ နှစ်အောက် ကလေးငယ်များအပေါ် ခုခံကာကွယ်နိုင်စွမ်း ရှိ၊ မရှိ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ယနေ့ သတင်းများအရ သိရသည်။

Pfizer နှင့် Moderna တို့အပါအဝင် အခြား ဆေးဝါးကုမ္ပဏီငါးခုတို့မှ တာဝန်ရှိသူများသည် ယမန်နေ့က အောက်လွှတ်တော်၌ လွှတ်တော် အမတ်များနှင့်တွေ့ဆုံကာ ကလေးငယ်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လက်တွေ့ စမ်းသပ်မှုပြုလုပ်မည့်အခြေအနေများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

အမေရိကန်နိုင်ငံတွင် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသက် ၁၆ နှစ်နှင့်အထက် ပြည်သူများအား ထိုးနှံပေးလျက်ရှိသည်။

Pfizer ဆေးဝါးကုမ္ပဏီက အသက် ၁၂ နှစ်မှ ၁၅ နှစ်ကြား ကလေးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိရောက်မှု ရှိ၊ မရှိ လက်တွေ့ စမ်းသပ်မှုများကို စတင်လျက်ရှိသည်။ မကြာမီအချိန်တွင် အသက် ၁၁ နှစ်နှင့် ၁၁ နှစ်အောက် ကလေး ငယ်များအတွက် လက်တွေ့စမ်းသပ်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း Pfizer ဆေးဝါး ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အလားတူ Moderna ဆေးဝါးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ၎င်းတို့အနေဖြင့် အသက် ၁၂ နှစ်မှ ၁၈ နှစ်အကြားရှိ လူငယ်များအား ကာကွယ် ဆေး ထိရောက်မှု ရှိ၊ မရှိ လက်တွေ့စမ်းသပ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၌ Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထိုးနှံပေးလျက်ရှိသည်။

ဆရာ ဆရာမများ သမဂ္ဂအဖွဲ့ကလည်း ကလေးငယ်များ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး များ ထိုးနှံနိုင်ရေးအတွက် လက်တွေ့စမ်းသပ်မှုများ လုပ်ဆောင်ကြရန် ဆေးဝါးကုမ္ပဏီများအား တိုက်တွန်းပြောကြားလျက်ရှိသည်။

နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းများ ပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးနိုင်မည့် အသက်အရွယ် အပိုင်းအခြားအတိအကျနှင့် ကာကွယ်ဆေးထိုးနှံ ပေးမည့်အချိန် စသည့်အချက်များအပေါ် ပြည်သူ များက စိတ်ဝင်စားလျက်ရှိသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# အီရန်နိုင်ငံ၏ ယူရေနီယံသတ္တု သန့်စင်ထုတ်လွှတ်မှုသည် သတ်မှတ်ချက်ထက် ကျော်လွန်နေကြောင်း အပြည်ပြည်ဆိုင်ရာ နျူကလီးယားစွမ်းအင်အေဂျင်စီ ပြောကြား

**တီဟီရန်  ဖေဖော်ဝါရီ ၂၄**

အီရန်နိုင်ငံသည် ယူရေနီယံသတ္တုသန့်စင်မှုကို သတ်မှတ်ထားသည့် ပမာဏထက် ကျော်လွန်ကာ ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထုတ်ယူလျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ နျူကလီးယား စွမ်းအင်အေဂျင်စီက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ယူရေနီယံသတ္တုကို ၂၀ ရာခိုင်နှုန်းအထိ သန့်စင်ထုတ်လုပ်မှုသည် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူစာချုပ်ပါအချက်များကို ချိုးဖောက်ရာရောက်သည်ဟု အဆိုပါအေဂျင်စီက ဆိုသည်။

သတ်မှတ်နှုန်းထားထက်ကျော်လွန်ပြီး အီရန်နိုင်ငံ၏ ယူရေနီယံသတ္တုသန့်စင် ထုတ်လုပ်မှုအပေါ် သုံးသပ်ထားသည့် အစီရင်ခံစာတစ်ရပ်ကို အပြည်ပြည်ဆိုင်ရာ နျူကလီးယားစွမ်းအင်အေဂျင်စီက ၎င်း၏အဖွဲ့ဝင်နိုင်ငံများသို့ ယမန်နေ့က ပေးပို့ ခဲ့သည်။

၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူစာချုပ်တွင် ယူရေနီယံသတ္တုသန့်စင် ထုတ်လုပ်မှုကို ၃ ဒသမ ၆၇ ရာခိုင်နှုန်းအထိသာ ခွင့်ပြုထားသည်။

အီရန်နိုင်ငံသည် ဖေဖော်ဝါရီ ၁၆ ရက်မှစပြီး ယူရေနီယံသတ္တုသန့်စင်ထုတ်လုပ် မှုကို ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထုတ်လုပ်သည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးပိတ်ဆို့မှုများအပေါ် တုံ့ပြန်သည့်အနေဖြင့် ယူရေ နီယံသတ္တုရှာဖွေစုဆောင်းမှုများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အီရန် အစိုးရက ပြီးခဲ့သည့်လက အခိုင်အမာပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အီရန်နျူကလီးယားအရေးဆွေးနွေးရန် ဆန္ဒရှိကြောင်း သိရသည်။

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်က အမေရိကန်နိုင်ငံအား ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူစာချုပ်မှ ၂၀၁၈ ခုနှစ်တွင် နုတ်ထွက်ခဲ့သည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးပိတ်ဆို့မှုများအမြန်ဆုံးဖယ်ရှားပေးရန် အီရန် အာဏာပိုင်များက တောင်းဆိုလျက်ရှိသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# အာဖဂန်နစ္စတန်နိုင်ငံ၌ ပြည်တွင်းစစ်ပွဲများကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း အရပ်သား ၃၀၀၀ ကျော် သေဆုံးခဲ့ရ

**ကဘူးလ်  ဖေဖော်ဝါရီ ၂၄**

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသည့် ပြည်တွင်းစစ်ပွဲများကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း အရပ်သား ၃၀၀၀ ကျော်သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့မှ ထောက်ပံ့ရေးအဖွဲ့၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားကြောင်း သိရသည်။

နိုင်ငံအတွင်း အစိုးရဆန့်ကျင်သည့် တာလီဘန်အဖွဲ့နှင့် အာဖဂန်အစိုးရအဖွဲ့ တို့အကြား စစ်ဆင်ရေးများ အပြန်အလှန် ဆင်နွှဲလာခဲ့သည်မှာ ခုနစ်နှစ်တိုင် ရောက်ရှိခဲ့ပြီ ဖြစ်သည်။

အဆိုပါ ပြည်တွင်းစစ်ပွဲများကြောင့် ၂၀၂၀ ပြည့်နှစ်အတွင်း သေဆုံးခဲ့သည့် အရပ်သားအရေအတွက်မှာ ၃၀၃၅ ဦး ရှိပြီး ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက် မှာ ၅၇၈၅ ဦးရှိခဲ့ကြောင်း အစီရင်ခံစာအရ သိရသည်။

ထို့ပြင် အရပ်သားများသေဆုံးမှု၏ ၄၅ ရာခိုင်နှုန်းသည် တာလီဘန်အဖွဲ့၏ တိုက်ခိုက်မှုကြောင့်ဖြစ်ပြီး ၂၂ ရာခိုင်နှုန်း သည် အာဖဂန်နစ္စတန်လုံခြုံရေးအဖွဲ့၏ တိုက်ခိုက်မှုကြောင့်ဖြစ်ကြောင်း သိရသည်။



၂၀၂၀ ပြည့်နှစ်အတွင်း အမျိုးသမီး ၃၉၀ ကျော် သေဆုံးခဲ့ပြီး အဆိုပါ အမျိုးသမီးများ သေဆုံးမှုအရေအတွက် သည် ၂၀၀၉ ခုနှစ်မှစပြီး အမြင့်ဆုံး ဖြစ်သည်။

လွန်ခဲ့သောနှစ်အတွင်းက အာဖဂန် နစ္စတန်အစိုးရနှင့် တာလီဘန်အဖွဲ့တို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပ ခဲ့သော်လည်း အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကဲ့သို့သော ကိစ္စရပ်များနှင့် ပတ်သက်ပြီး နှစ်ဖက်အကြား ဆွေးနွေး ညှိနှိုင်းမှုများ အောင်မြင်ခြင်း မရှိသေးပေ။ နိုင်ငံအတွင်း စစ်ဆင်ရေးဆင်နွှဲမှုများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက် လုပ်ဆောင်လျက်ရှိသည်။

ပြည်တွင်းစစ်အမြန်ဆုံး အဆုံးသတ် ပြီး ပြည်သူများ၏အသက်နှင့်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် လိုအပ် ကြောင်း ကုလသမဂ္ဂအဖွဲ့က တိုက်တွန်း ပြောကြားလျက်ရှိသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# နယ်စပ်ဒေသများမှ လာအိုနိုင်ငံအတွင်း ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးသန့်ခွဲထားစောင့်ကြည့်မှုများ ဆောင်ရွက်လျက်ရှိ

**ဗီယင်ကျန်း  ဖေဖော်ဝါရီ ၂၄**

လာအိုနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းဝင်ရောက်ခြင်းမှ တားဆီးနိုင်ရန်အတွက် နိုင်ငံ၏နယ်စပ်ဒေသများမှ နိုင်ငံအတွင်းဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာ သီးသန့်ခွဲထားစောင့်ကြည့်မှုများ အကောင်အထည်ဖော် ဆောင်ရွက်နေပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူ များက ပြောကြားသည်။

လာအိုနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် ကိုယ်အပူချိန်တိုင်းတာမှုခံယူခြင်းနှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးသန့်ခွဲထားစောင့်ကြည့်ရေးစင်တာများတွင် ၁၄ ရက် သီးသန့်ခွဲထားစောင့်ကြည့်မှုများကို ခံယူရမည် ဖြစ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါ ထိန်းချုပ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် လက်ဆမီ ဗွန်ကန်ဆိုက ဗီယင်ကျန်းမြို့၌ပြုလုပ်သော သတင်းစာရှင်းလင်း ပွဲတွင် ယနေ့ပြောကြားသည်။

နိုင်ငံတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးသန့်ခွဲထား စောင့်ကြည့်ရေးစင်တာ ၂၇ ခုတွင် လူပေါင်း ၂၃၃၅ ဦး သီးသန့် ခွဲထားစောင့်ကြည့်မှုခံယူခဲ့ကြောင်း သိရသည်။ နိုင်ငံသားများ အနေဖြင့် လက်ကို မကြာခဏဆေးကြောရန်၊ နေအိမ်ပြင်ပ ထွက်ခွာသည့်အချိန်တွင် နှာခေါင်းစည်းများဝတ်ဆင်ကြရန် နှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရန် အမျိုးသား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လုပ်ငန်းကော်မတီက ညွှန်ကြားခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၅ ဦးရှိပြီး ၄၂ ဦးမှာ ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုစတင်

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၄**

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယနေ့တွင် စတင်ခဲ့ပြီး မလေးရှားဝန်ကြီးချုပ် မူဟစ်ဒင်ယာဆင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမဆုံးထိုးနှံမှုခံယူခဲ့ကြောင်း သိရသည်။

မလေးရှားဝန်ကြီးချုပ် မူဟစ်ဒင်ယာဆင်းသည် ပြည်သူများအကြား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် ယုံကြည်မှုရှိစေရေးအတွက် ၎င်း၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

မလေးရှားဝန်ကြီးချုပ် မူဟစ်ဒင်ယာဆင်းသည် ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဟစ်ဆမ်အဗ္ဗဒူလာနှင့်အတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

မလေးရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အရ နိုင်ငံလူဦးရေ၏ အနည်းဆုံး ၈၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်ရွယ်လျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၀၀၀၀ ကျော်ရှိခဲ့ကာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၀၀၀ ကျော် အထိရှိခဲ့ကြောင်းလည်း သိရသည်။

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၃၃၃၁ ဦးရှိခဲ့ခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၆၀၀၀၉ ဦးအထိ ရှိလာခဲ့ကြောင်းနှင့် အဆိုပါအရေအတွက်မှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း၏ ၈၉ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်းလည်း သိရသည်။

မလေးရှားနိုင်ငံသည် ဖေဖော်ဝါရီ ၂၁ ရက်တွင် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါး ကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပထမ အသုတ်အဖြစ် လက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**





## တူရကီနိုင်ငံ၌ ဆရာ ဆရာမများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုစတင်

**အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၂၄**

တူရကီနိုင်ငံရှိ ဆရာ ဆရာမများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ယနေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး တရုတ်နိုင်ငံ Sinovac Biotech ဆေးဝါးကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တူရကီနိုင်ငံ၏ ဆရာ ဆရာမများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အရ တူရကီပညာရေးဝန်ကြီး ဇီယာဆီလ်ကွတ်က ပင်လယ်နက် ပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကိုပထမဆုံးအကြိမ် ထိုးနှံခဲ့ခြင်းဖြစ်ပြီး ဇီယာဆီကွတ်၏ ကာကွယ်ဆေးထိုးနှံမှုကို ရုပ်မြင်သံကြားမှတစ်ဆင့် ပြသခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမည့် ပညာရေးဝန်ထမ်း ၁ ဒသမ ၂၆ သန်း၏ အမည်စာရင်းကို ကျန်းမာရေးဝန်ကြီးဌာနသို့ တင်သွင်းထားပြီး ဖြစ်ကြောင်းနှင့် အဆိုပါ ပညာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း ပညာရေးဝန်ကြီး ဇီယာဆီလ်ကွတ်က ပြောကြားခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံတစ်ဝန်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၇ ဒသမ ၅ သန်းကျော် ဖြန့်ဝေပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးသတင်းအချက်အလက်များအရ သိရသည်။ တူရကီနိုင်ငံ၌ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၆ ဒသမ ၃ သန်းကျော်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၁ ဒသမ ၂ သန်းကျော်ရှိသွားပြီဖြစ်ကြောင်းလည်း ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များက ဖော်ပြထားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



## အိန္ဒိယနိုင်ငံ၌ မတ်လမှစတင်၍ အသက်အရွယ်ကြီးရင့်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်

**နယူးဒေလီ ဖေဖော်ဝါရီ ၂၄**

အိန္ဒိယနိုင်ငံ၌ လက်ရှိ ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ဒုတိယကာလအစီအစဉ်အရ အသက် ၆၀ နှစ်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို မတ် ၁ ရက်တွင် စတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားခဲ့သည်။

အထက်ပါ အသက်အရွယ်ကြီးရင့်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည့် အစီအစဉ်ကို သတင်းအချက်အလက်နှင့် ရုပ်သံထုတ်လွှင့်ရေးဝန်ကြီး ပရာကတ်ရှ် ဂျာဗာဒီကာက ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ကျန်းမာရေး ဝန်ထမ်းများနှင့် ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်း၍ ရှေ့တန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၁၂ ဒသမ ၁ သန်းကျော် ရှိသွားပြီဖြစ်ကြောင်း အိန္ဒိယနိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

■

## ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထောက်ပံ့ရေးအစီအစဉ်မှ ထောက်ပံ့မည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ နမီးဘီးယားနိုင်ငံသို့ မတ်လအတွင်း ရောက်ရှိမည်

**ဝင်းဟုတ် ဖေဖော်ဝါရီ ၂၄**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထောက်ပံ့ရေးအစီအစဉ်မှ ထောက်ပံ့မည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် နမီးဘီးယားနိုင်ငံသို့ မတ်လအတွင်း ရောက်ရှိလာမည်ဖြစ်ကြောင်း နမီးဘီးယားကျန်းမာရေးဝန်ကြီး ကာလန်ဘီ ရှန်ဂူလာက ယနေ့ ပြောကြားသည်။

နမီးဘီးယားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်အတွက် နမီးဘီးယားဒေါ်လာ ၅၈၃ သန်း (ကန်ဒေါ်လာ သန်း ၄၀)ကို လျာထားကြောင်းနှင့် ကာကွယ်ဆေးဝယ်ယူရန် နမီးဘီးယားဒေါ်လာ ၄၈၅ သန်းကို လျာထားကြောင်း သိရသည်။

၎င်းလျာထားသော ငွေပမာဏသည် နိုင်ငံလူဦးရေ၏ ၄၀ ရာခိုင်နှုန်းအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူရန် လုံလောက်ကြောင်း ၎င်းက ပြောကြားသည်။ တရုတ်နိုင်ငံ Sinopharm ဆေးကုမ္ပဏီက နမီးဘီးယားနိုင်ငံအား ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ တစ်သိန်း လှူဒါန်းမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံ ဆီရမ်အင်စတီကျူကလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သုံးသောင်း လှူဒါန်းမည်ဖြစ်သည်။ နိုင်ငံသားများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမည့်အစီအစဉ်ကို ကြိုဆိုကြရန် ကာလန်ဘီရှန်ဂူလာက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

### ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၁၂၇၅၂၃၆၄ ဦး |
| သေဆုံးသူ | ၂၄၉၈၆၅၉ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၈၈၃၂၁၀၃၂ ဦး |

# ပြည်ထောင်စုဝန်ကြီး(ဟောင်း) ဒေါက်တာဝင်းမြတ်အေးအား ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထား

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုဝန်ကြီး(ဟောင်း) ဒေါက်တာဝင်းမြတ်အေးအား ဝန်ထမ်းများကို CDM လှုပ်ရှားမှုတွင် ပါဝင်စေရန် လှုံ့ဆော်ခြင်း၊ ညွှန်ကြားခြင်းကြောင့် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ဟောင်း) ဒေါက်တာဝင်းမြတ်အေးသည် ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သည့် အချိန်အခါကို အသုံးပြု၍ ယင်းဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန် လှုံ့ဆော်ခြင်း၊ ညွှန်ကြားခြင်းကြောင့် ဝန်ထမ်းများ တာဝန်ပျက်ကွက်မှု၊ ဆူပူဆန္ဒပြမှုများတွင် ပါဝင်စေမှုများ ဖြစ်ပေါ်လာအောင် လှုံ့ဆော်ရာရောက်သဖြင့် ၎င်းအား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် သက်ဆိုင်ရာရဲစခန်း၌ အမှုဖွင့်ထားရှိပြီး ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းနှင့်ပတ်သက်၍ သတင်းရရှိပါက နီးစပ်ရာ ရဲစခန်းများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ သတင်းပေးတိုင်တန်းရန် ထုတ်ပြန်ထားသည့် ဖုန်းနံပါတ်များသို့ သတင်းပေး တိုင်တန်းနိုင်ကြောင်းနှင့် လက်ခံထားသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

■

# ကျေးရွာလုံခြုံရေးဆောင်ရွက်နေသည်ဟု အကြောင်းပြ၍ ဝိုင်းဝန်းရိုက်နှက်ခံရသည့် ဒေသခံပြည်သူနှစ်ဦးအား ပြည်မြို့ရှိ တပ်မတော်ဆေးရုံတွင် ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာနေ ကိုထိန်ဝင်း(ဘ) ဦးသွင်အေးနှင့် ကိုထွန်းထွန်းဝင်း (ဘ) ဦးထွန်းကျင်တို့နှစ်ဦးသည် ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်းတွင် ဆင်တဲကျေးရွာ၌ ငါးဖမ်းပြီး ည ၇ နာရီခွဲခန့်တွင် ၎င်းတို့ကျေးရွာသို့ ပြန်လာစဉ် ဆင်တဲကျေးရွာအထွက် တံတားပေါ်သို့ အရောက်၌ ကျေးရွာလုံခြုံရေး ဆောင်ရွက်နေသည်ဟုဆိုသူ ဆင်တဲကျေးရွာသား ချစ်နန်း ဦးစီးအင်အား ၁၅ ဦးခန့်က တုတ်၊ ဓားများဖြင့် အကြောင်းမဲ့ ထိုးခုတ်ရိုက်နှက်ခဲ့သဖြင့် ကိုထိန်ဝင်းတွင် ဘယ်ချိုစောင်း လေးလက်မခန့် စုတ်ပြဲဒဏ်ရာနှင့် ကိုထွန်းထွန်းဝင်းတွင် ဘယ်ချိုင်းအောက် သုံးလက်မခန့် ပြတ်ရှဒဏ်ရာ၊ ဘယ်နားထင်လေးလက်မခန့် ပြတ်ရှဒဏ်ရာ၊ ဘယ်ချိုစောင်း သုံးလက်မခန့် ပေါက်ပြဲဒဏ်ရာနှင့် နောက်စေ့ သုံးလက်မခန့် ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့ကြသည်။

ထိုသို့ ဝိုင်းဝန်းရိုက်နှက်ခြင်းကြောင့် ဒဏ်ရာများ ရရှိခဲ့သူ နှစ်ဦးအား ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်စေပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ခံယူစေလျက်ရှိကြောင်းနှင့် ဝိုင်းဝန်းရိုက်နှက်ကြသူများအား ပန်းတောင်းမြို့နယ်မြေခံရဲစခန်း၌ တည်ဆဲဥပဒေများနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**




# ဒီးမော့ဆိုမြို့နယ်နှင့် ကလောမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲတွင် ဒီးမော့ဆိုမြို့နယ် ဒီးမော့ဆို-တောင်ငူသွား ကားလမ်းတွင် အောင်မင်းနိုင် မောင်းနှင်လာသော မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ပူးပေါင်းအဖွဲ့သည် အဆိုပါ နေရာ၌ပင် သက်နိုင်မောင်းနှင်လာသည့် ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၃၀ ကို လည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သည်။



အောင်မင်းနိုင်၊ သက်နိုင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ကလော-သာစည်သွား ကားလမ်း မိုင်တိုင်(၇၀/၁) အနီးတွင် ကျော်ဝင်း မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၂ ကီလိုကို လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကျိုင်းတုံမြို့နယ်၌ ဝိုင်ယာရှော့ဖြစ်ကာ လူတစ်ဦး ဓာတ်လိုက်သေဆုံး

**ကျိုင်းတုံ ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု နောင်နွမ်း(လားဟူ)ရွာတွင် ယမန်နေ့ နံနက် ၁၁ နာရီခန့်က ရေစင်ပေါ်တက်သည့် လှေကားတပ်ဆင်စဉ် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ကာ လူတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဓာတ်လိုက်သေဆုံးသူ စိုင်းကျော်ထွန်း အမှတ်(၄)ရပ်ကွက် ကျိုင်းတုံမြို့နေသူသည် ဒေါ်နာမီးရှဲနေအိမ်ခေါင်မိုးပေါ်ရှိ ရှစ်ပေခန့်မြင့်သော ရေစင်ပေါ်တက်သည့် လှေကားတပ်ဆင်ရန် ဝရန်တာ စတီးပိုက်တန်းအား ဖြတ်စက်ဖြင့် ဖြတ်စဉ် စတီးပိုက်အတွင်း တပ်ဆင်ထားသော ဝိုင်ယာကြိုးရှော့ဖြစ်ကာ ဓာတ်လိုက်၍ လှေကားပေါ်မှ ပြုတ်ကျသေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးမှုနှင့်ပတ်သက်၍ ကျိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မျက်မမြင် အဘွားအိုတစ်ဦး မြေးမလေးအား ရှာဖွေရင်း ရေတွင်းထဲ မတော်တဆ ပြုတ်ကျ

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကမော့ကချူးကျေးရွာအုပ်စု ရေမင်းသာယာကျေးရွာရှိ မျက်မမြင် အဘွားအိုတစ်ဦးက မြေးမလေးအား ရှာဖွေရင်း ယမန်နေ့ည ၇ နာရီက ရေတွင်းထဲ မတော်တဆ ပြုတ်ကျခဲ့ကြောင်း သိရသည်။

အဆိုပါ မျက်မမြင် အဘွားအိုသည် သူ၏မြေးမလေးအား ရှာဖွေရင်း ရေတွင်းထဲပြုတ်ကျသွားသည့်အတွက် လှိုင်းဘွဲ့မြို့နယ် လူမှုကယ်ဆယ်ရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ အဘွားအိုအား ရေတွင်းထဲမှ ကယ်ဆယ်ဆောင်ရွက်ပေးခဲ့ကာ အဘွားအိုမှာ ရေတွင်းထဲသို့ ပြုတ်ကျသည့် အချိန်ကြောင့် ခါးနာနေသည့်အတွက် လူမှုကယ်ဆယ်ရေးအဖွဲ့က လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ၌ ဖွင့်လှစ်ထားသည့် ယာယီတပ်မတော်ဆေးခန်းသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုကြီး အမြဲတမ်းရှိနေမယ် . . .

## ကိုသံချောင်း - မစာဥ တစ်ခန်းရပ်စကားပြောခန်း (၁)

### ဒေါင်

**ဆယ်အိမ်မှူး ကိုသံချောင်း ရေပုံးတစ်လုံးကို ဘေးချ၍ မြေကိုတူးဆွလျက် သစ်ပင်ငယ်တစ်ပင် စိုက်ပျိုးရင်း သီချင်းတစ်ပိုင်းတစ်စကို စိတ်လွတ် ကိုယ်လွတ် သီဆိုနေသည်။**

**“သွေးချင်းညီအစ်ကိုများ.. စည်းလုံးချင်းရဲ့ အင်အား ငြိမ်းချမ်းခြင်းအတွက် သီချင်းတစ်ပုဒ်ရှိနေမယ်..”**

“ကိုသံချောင်းကြီး ဒီလိုကာလမျိုးမှာ ငြိမ်းချမ်းခြင်းအတွက် သီချင်းတစ်ပုဒ်တဲ့လားရှင့်။ ရှင်က သံပုံးမတီး၊ ဒို့အရေးမလုပ်၊ ဖေ့စ်ဘွတ်မှာလည်း ခပ်စိမ်းစိမ်းနဲ့နေနေတာ တော်တော်နေနိုင်တဲ့သူပဲ”

အိမ်နီးချင်း ဘွဲ့ရအပျိုကြီး ဒေါ်စာဥက ဈေးခြင်းအလွတ်ကိုဆွဲလျက် ငေါ့တော့တော့ပြောရင်း ကိုသံချောင်း သစ်ပင်စိုက်ရာဆီသို့ ရောက်လာ၏။

“မဟုတ်ရပါဘူး မစာဥရယ်။ စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် သီချင်းဆိုနေတာပါ။ လက်ရှိကာလနဲ့လည်း သက်ဆိုင်တာပေါ့။ ဒါနဲ့ခင်ဗျားက တိတ်တိတ်လေး နားထောင်နေတယ်ပေါ့လေ။ ကျွန်တော်ဆိုနေတာ မကြိုက်ဘူးဆိုရင် ဧကန္တ မငြိမ်းချမ်းချင်တာများလားဗျာ”

“အမလေး ရှင့်အသံပြာကြီးကြားလို့သာ ဝင်လာတာပါတော်။ ကျွန်မ ဈေးသွားမလို့ ပါ။ ခဏနေကျရင် အပေါင်းအသင်းတွေနဲ့ သံရိုးတွေရှေ့သွားပြီး ဆန္ဒပြရဦးမယ်။ ရှင်တို့လို ရေခဲတုံးဖင်ခုမထိုင်နိုင်ပါဘူး။ တိုင်းပြည်အရေးမှာ ကျွန်မတို့က အဆုံးအထိ တိုက်မှာ”

“ခင်ဗျားတောင် အတော်ဟုတ်လာပြီ။ စကားအကြီးကြီးတွေ ပြောတတ်လာပြီပေါ့။ ဝမ်းသာပါတယ်ဗျာ။ ခင်ဗျားပြောတဲ့အဆုံးအထိတိုက်မှာဆိုတာကို ကျွန်တော်တော့ တော်တော်သဘောကျမိတယ်ဗျ။ ဒါနဲ့ ဘယ်အဆုံးအထိတိုက်ကြမှာတုန်း။ ပန်းတိုင်က ဘာတုန်း ကျွန်တော့်လည်း ရှင်းပြပါဦး”

“ရှင်းပြပါမယ်ရှင်၊ မသိသေးဘူးဆိုရင် မှတ်စုစာအုပ်လေးပါယူပြီးမှတ်ထားလိုက်ဦး။ ကျွန်မတို့က လက်သန်းတွေမင်တောင်မပျက်သေးဘူး။ အရေးပေါ်အခြေအနေဖြစ်သွားပြီလေ။ လွှတ်တော်တက်မယ့်အမတ်တွေလည်း ဘယ်ရောက်ကုန်မှန်းမသိ။ အခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလသတ်မှတ်ပြီး အုပ်ချုပ်နေတယ်။ ဒါကို မကြိုက်လို့ လမ်းပေါ်ထွက်ပြီး ပြည်သူတွေနဲ့ ဝန်ထမ်းတွေက CDM လုပ်တာ၊ ကန့်ကွက်နေကြတာ။ အဲဒါကို အဆုံးအထိသွားမှာလို့ပြောတာရှင့်။ အဲဒီလိုသွားရင် လက်ရှိအစိုးရက တောင့်မခံနိုင်ဘူးလေ။ အဲဒီတော့ ပြုတ်ကျမှာပေါ့။ ဒါဆိုရင် ပြည်သူတွေရွေးကောက်တဲ့ အစိုးရပြန်တက်။ ဝန်ထမ်းတွေ ပြန်အလုပ်ဆင်း။ အားလုံးသာယာတဲ့အထိ အားလုံးက တိုက်ပွဲဝင်မှာလို့ပြောရတာတော်ရေ။ ဆယ်အိမ်ခေါင်းဖြစ်ပြီး ဗဟုသုတကလည်း အတော်နည်းရှာသကိုး”

“ဗဟုသုတ နည်းတယ်ပဲထားပါတော့ဗျာ။ ဒါပေမယ့် တပ်မတော်ကနေ ရွေးကောက်ပွဲမှာ မဲစာရင်းကွာဟတာနဲ့ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖြေရှင်းပေးဖို့ တောင်းဆိုတာကို ငြင်းဆန်ခဲ့တယ်ဗျ။ ပြည်ထောင်စုလွှတ်တော်ကလည်း ဖြေရှင်းပေးဖို့ တောင်းဆိုတာကို ဖြေရှင်းမပေးဘူးဗျ။ နောက်နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့က နည်းလမ်းရှာ ဖြေရှင်းပေးဖို့ တောင်းဆိုတာကိုလည်း လျစ်လျူရှုခဲ့တယ်ဗျ။ နောက်ပြီး အရပ်ဘက်စစ်ဘက်အားလုံးကို ကိုယ်စားပြုတဲ့ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူပြီး တွေ့ဆုံဆွေးနွေးဖို့ တင်ပြတာကိုလည်း ဘယ်လိုတုံ့ပြန်ခဲ့သလဲဗျ။ အဲဒီနောက်ပိုင်း မဲစာရင်းပြဿနာကို ဖြေရှင်းမပေးဘဲ လွှတ်တော်တွေခေါ်ယူတယ်။ တတိယအကြိမ် လွှတ်တော်ခေါ်ယူမှုကို ရွှေ့ဆိုင်းဖို့ တပ်မတော်က တောင်းဆိုတဲ့အခါမှာလည်း လက်မခံဘူးဗျ။ အဲဒီလို နိုင်ငံတော်သမ္မတထံကိုရော၊ ပြည်ထောင်စုလွှတ်တော်ကိုရော၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုရော တပ်မတော်က သတိပေးတာ၊ အကြောင်းကြားတာ၊ တောင်းဆိုတာ အကြိမ်ကြိမ်လုပ်ခဲ့သားနဲ့ ဘာကြောင့်များ ငြင်းဆန်ခဲ့တာလည်းလို့ ကျွန်တော်ကတော့ စဉ်းစားနေတာပဲ”

“အဲဒါတွေတော့ ကျွန်မ မသိဘူး။ အဲဒီလိုဆိုလည်း အကြီးအကဲတွေထပ်ပြီး ဆွေးနွေးကြည့်ပေါ့ရှင့်”

“ခင်ဗျားတို့က အဲဒါကြောင့် စာဖတ်ပါဆိုတော့ ဟာသလောက်ဖတ်ကြတာကိုးဗျ။ ဒီတစ်ခါတော့ ခင်ဗျားမှတ်စုစာအုပ် ပြေးယူမှတ်ပေတော့ ကျွန်တော်ပြောတာနားထောင်။ မြို့နယ်အသီးသီးမှာ အဲဒီလို ရွေးကောက်ပွဲရလဒ်ကို လက်မခံတဲ့အကြောင်း ခင်ဗျားတို့အခု ဆန္ဒပြသလို ပြည်သူတွေ ပြခဲ့ကြတယ်လေ။ အခြားပါတီအဖွဲ့အစည်းတွေကလည်း ကန့်ကွက်တာတွေ လုပ်ကြတယ်လေ။ ဒါဟာ နိုင်ငံတော်တည်ငြိမ်မှုကို ထိခိုက်စေတာပေါ့ဗျာ။ မဲစာရင်းအကွဲအလွဲကို မှန်မှန်ကန်ကန် မဖြေရှင်းဘူးဆိုရင် နိုင်ငံတော်ရဲ့ ဒီမိုကရေစီလျှောက်လှမ်းမှုမှာ အခက်အခဲဖြစ်စေမှာကိုသိလို့ တပ်မတော်က ဥပဒေနဲ့အညီ ဖြေရှင်းဖို့ လိုအပ်တဲ့အတွက် ခင်ဗျားတို့စာအုပ်အစိမ်းလို့ ခေါ်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာလိုက်ရတာခင်ဗျ”

**အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းပြီး ခင်ဗျားသိပ်ကြောက်တဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးတွေကို ဆက်တိုက်လုပ်မယ်တဲ့။ ကိုဗစ်-၁၉ ကြောင့် ကျွန်တော်တို့ပြည်သူတွေ စီးပွားရေးနာလန်မထူနိုင်တာကို အမြန်ဆုံးပြန်လည်ကုစားပေးမယ်တဲ့။ ခုနက ကျွန်တော်ဆိုနေတဲ့ စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်လို တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် အလေးထားလုပ်ဆောင်မယ်တဲ့လေ။ အခုလည်းစတင်လုပ်ဆောင်နေပြီဗျ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်ဖွဲ့စည်းထားပြီး မဲစာရင်းစစ်တာတွေအပြင် လိုအပ်တာတွေကို စလုပ်နေပြီလေ . . .**

“ဒါကိုလက်မခံချင်တာလေ။ ပြည်သူ့အစိုးရပဲ လိုချင်တယ်”

“ခင်ဗျားခုနကပြောတဲ့ထဲ အဖြေပါပြီးသားလေ အပျိုကြီးရဲ့။ အရေးပေါ်အခြေအနေလို့ ပြောခဲ့သားနဲ့။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်တွေနဲ့အညီ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ပြီးရင် စာအုပ်အစိမ်းအရ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြီး အနိုင်ရတဲ့ပါတီကို ဒီမိုကရေစီစံနှုန်းနဲ့အညီ နိုင်ငံတော်တာဝန်ကို လွှဲအပ်မယ်လို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးကနေ ဖေဖော်ဝါရီ၁ရက်နေ့ကတည်းက ထုတ်ပြန်ထားခဲ့ပြီးသားပါ။ မပေးဘူးလို့ပြောတာမှ မဟုတ်တာဘဲ။ စနစ်တကျနဲ့ ပြန်လည်ဆောင်ရွက်ပေးပါမယ်ဆိုမှ ဘာကိုစိတ်ပူနေတာတုန်း အပျိုကြီးရဲ့။ အဲဒီအခါကျ ခင်ဗျားပေးချင်တဲ့ပါတီကို မဲပေးနိုင်ရဲ့သားနဲ့ အခုဘာကြောင့် အဆုံးထိတိုက်မယ်ချည်း ပြောနေရတာတုန်းဗျ”

“အို..ဒါတွေမသိဘူး။ ကျွန်မတစ်ယောက်တည်းမှမဟုတ်တာ။ CDM လုပ်ကြတာ အများကြီးပဲလေ။ ဒါဆိုရင် ကျွန်မသိချင်တာတစ်ခုမေးရဦးမယ်။ လက်ရှိမှာ တာဝန်ယူနေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဆိုတာက ဘာတွေကို လုပ်ပေးမှာလဲ။ ဒီကြားထဲ ကျွန်မတို့လို ပြည်သူတွေက အေးအေးချမ်းချမ်းနေခွင့်ရပ့ါမလား။ စိတ်ပူတယ်ရှင့်”

“လက်ရှိ ဆူပူသောင်းကျန်းတာ၊ အကြမ်းဖက်မှုတွေဖြစ်တာမျိုးအထိ မရောက်အောင် ဥပဒေနဲ့အညီ ကိုင်တွယ်ဖြေရှင်းနေတာ ခင်ဗျားအမြင်ပဲလေ။ ဒါက အေးချမ်းအောင်၊ တရားဥပဒေစိုးမိုးအောင်ပေါ့ဗျာ။ ဒါနဲ့အင်တာနက်မှာ အဓိကရုဏ်းနှိမ်နင်းတဲ့ နိုင်ငံတကာမြင်ကွင်းတွေ ခင်ဗျားကြည့်လို့ရပါတယ်။ ဘယ်လိုအင်အားသုံးပြီး ကိုင်တွယ်တယ်ဆိုတာ။ ကျွန်တော်တို့ဆီမှာတော့ အဖိတ်အစဉ်အနည်းငယ်ရှိပေမယ့် နိုင်ငံတကာက အချို့အဓိကရုဏ်း နှိမ်နင်းတာမျိုးလို မကြမ်းတမ်းပါဘူးဗျာ။ ဥပဒေနဲ့အညီ ဒီမိုကရေစီနိုင်ငံတွေရဲ့ အရေးယူဆောင်ရွက်မှုနဲ့ အညီလုပ်နေတာပါ။ အခုတင် ခင်ဗျားဈေးသွားမလို့ မဟုတ်လား။ တကယ်မငြိမ်းချမ်းရင် ခင်ဗျား ဈေးတောင်ဝယ်မရဘူးဗျ”

“ဒါတော့ဒါပေါ့ ကိုသံချောင်းရယ်။ ဒါနဲ့ရှင်ပြောမယ့်ဟာ ဆက်ပါဦး”

“အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းပြီး ခင်ဗျားသိပ်ကြောက်တဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးတွေကို ဆက်တိုက်လုပ်မယ်တဲ့။ ကိုဗစ်-၁၉ ကြောင့် ကျွန်တော်တို့ပြည်သူတွေ စီးပွားရေးနာလန်မထူနိုင်တာကို အမြန်ဆုံးပြန်လည်ကုစားပေးမယ်တဲ့။ ခုနက ကျွန်တော်ဆိုနေတဲ့ စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ်လို တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် အလေးထားလုပ်ဆောင်မယ်တဲ့လေ။ အခုလည်းစတင်လုပ်ဆောင်နေပြီဗျ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်ဖွဲ့စည်းထားပြီး မဲစာရင်းစစ်တာတွေအပြင် လိုအပ်တာတွေကို စလုပ်နေပြီလေ။ အားလုံးပြီးတဲ့အခါ ရွေးကောက်ပွဲ ပြန်ကျင်းပပေးမယ်တဲ့”

“ဟုတ်ပါပြီရှင်။ ရှင်ပြောတော့လည်း ကျွန်မ ဗဟုသုတတိုးသွားပါတယ်။ အဲဒီတော့ ကျွန်မလည်း ရှင့်လို အေးအေးလူလူ ဒီကာလတော့ စောင့်ကြည့်ရမလား စဉ်းစားရဦးမယ်။ ကဲအချိန်လည်း မနည်းတော့ဘူး။ ဈေးပြေးလိုက်ဦးမယ်။ အိမ်ကတူမတွေ စားဖို့က အချိန်မီလုပ်ပေးရဦးမှာ”

“ဈေးချိန်လည်းမီ၊ သပိတ်စခန်းလူစည်ပြီး လမ်းမပိတ်သေးခင် ကျွန်တော်စက်ဘီးနဲ့ လိုက်ပို့ပေးပါရစေ”

“တော်ပါပြီ၊ ကျွန်မဘာသာ လမ်းလျှောက်ပါ့မယ်။ နိုင်ငံက အရေးပေါ်ကာလကြီးထဲ ကျွန်မနဲ့ရှင့်ကို သူများက အထင်လွဲတာ မဖြစ်ချင်ပါဘူး”

“ဒါဆိုလဲ တာ့တာ၊ ဘိုင်ဘိုင်ပဲပေါ့ မစာဥရေ..”

ပြောပြောဆိုဆိုပင် မစာဥကြီး ဆန္ဒပြလူအုပ်ကို ရှောင်ရင်း ဈေးသို့သွားလေသည်။ ကိုသံချောင်းကြီးကတော့ ပြောချင်တာပြောလိုက်ရသဖြင့် ပီတိမျက်နှာနှင့် သီချင်းလက်ကျန်လေးကို ဆက်၍ “ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ညီညွတ်နေတဲ့ ခိုင်မြဲတဲ့အင်အား ပြည်ထောင်စုကြီး အမြဲတမ်းရှိနေမယ်..” ဆိုလျက် ကျန်ရစ်လေသည်။ ။

## ပြည်သူများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံ့ဝန်ထမ်းလစာများနှင့် အငြိမ်းစားဝန်ထမ်းလစာများအား လစဉ်ထုတ်ပေးမှုကို ဆောင်ရွက်လျက်ရှိပါသည်။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာထုတ်ယူခြင်းကို လစဉ် ရုံးဖွင့်ရက်(၂၁)ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့်ရက်များ တွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်များ ထုတ်ယူနိုင်ရန် ဌာနဆိုင်ရာများအနေဖြင့် သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း ပုံမှန်လစာထုတ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာငွေများအား လစဉ်(၂၁)ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ်(၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ် အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ကို အဆင်ပြေစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်



စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ ပြည်သူ့ဆေးရုံအား တာဝန်သိကျန်းမာရေးဝန်ထမ်းများဖြင့် ပြန်လည်ဖွင့်လှစ်ပေးရေး၊ ရုံးမတက်ချင် ရုံးကထွက်ဟူသော စာတန်းများကိုင်ဆောင်၍ ပြည်သူအင်အား ၁၀၀ ခန့်က ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## ဘုတ်ပြင်းမြို့နယ်အတွင်းရှိ မြန်မာ့ပင်လယ်ပြင်အတွင်း မီးလောင်နေသည့် ကုန်တင်လှေအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံငါးသယ်လှေများက ကူညီကယ်ဆယ်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်အတွင်းရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် ကုန်တင်လှေ တစ်စင်း မီးလောင်နေကြောင်းသိရသဖြင့် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် သွားရောက်စစ်ဆေးရာ ကော့ရဲကျွန်း၏ အနောက်ဘက်ရေမိုင် ခုနစ်မိုင်ခန့် အကွာ၌ မီးလောင်နေသည့် အောင်ဘုန်းမြတ်အမည်ရှိ ကုန်တင်လှေ တစ်စင်းအားတွေ့ရှိသဖြင့် ဒေသခံငါးဖမ်းလှေများနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ပေးခဲ့ပြီး လှေပေါ်ပါလှေသား ရှစ်ဦးအား ရေယာဉ်ပေါ်သို့ တင်ဆောင်ကာ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## စစ်မှုထမ်းဟောင်းများ၊ ရဲမှုထမ်းများနှင့် မိသားစုဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိစစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာ ရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ခေးနင်းအဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာနှင့် တာပုံစစ်မှုထမ်းဟောင်းအိမ်ရာ၊ လောက်ကိုင်မြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာတို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိစစ်သည်များ၏ မိသားစုဝင်များအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှမိုးနှင့် အဖွဲ့ဝင်များကလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စုရှိ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များအတွက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များကလည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အရှေ့တောင်တိုင်းစစ်ဌာနချုပ် သင်္ကန်းညိုနောင်တပ်နယ်မှ တာဝန်ရှိသူများကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ ခြေတော်ရာကျေးရွာရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအတွက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ရွှေကျင်တပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီး တင်လင်းဦးနှင့် အဖွဲ့ဝင်များကလည်းကောင်း သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။




ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ကျေးရွာအချို့မှ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှု လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပန်းခြံစုရပ်ကွက်၊ ကြူစမ်းရပ်ကွက်၊ ၂-ခ ရပ်ကွက်၊ အင်းစိန်မြို့နယ် ဘူတာဈေးရပ်ကွက်၊ မှော်ဘီမြို့နယ် လက်ပံတန်းစုကျေးရွာ၊ ဝါးပတောကျေးရွာ၊ ဝါးနက်ချောင်းကျေးရွာ၊ ကုလားကြီးကုန်းကျေးရွာ၊ တပ်ကြီးကုန်းကျေးရွာတို့ရှိ အိမ်ထောင်စု ၅၅၀၀ တို့အတွက် ဆန်နှင့် ဆီများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများလက်ဝယ်အရောက် သွားရောက်ပေးအပ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နှမ်းကြဲကျေးရွာရှိ အိမ်ထောင်စု ၆၀၀၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မြင်စိုင်းကျေးရွာအုပ်စု ကိုးပင်ကွေ့ကျေးရွာနှင့် မိချောင်းရဲကျေးရွာတို့ရှိ အိမ်ထောင်စု ၆၀၀ တို့အတွက် ဆန်နှင့်ဆီများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများလက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■



# အသိဉာဏ်နှင့် ယှဉ်တွဲသည့် ယုံကြည်မှု

တင်မေဆက်

လောကတွင် အသိဉာဏ်နှင့် ယှဉ်တွဲသည့် ယုံကြည်မှုမျိုးကသာ ကောင်းကျိုးချမ်းသာကို ဖြစ်စေတတ်ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။ အသိဉာဏ်ပါရှိသည့် ယုံကြည်မှုမျိုးကသာ မိမိသန္တာန်တွင် ရေရှည်တည်မြဲနိုင်ပါသည်။ လူ့လောကတွင် အသက်အရွယ်မရွေး အစွန်းရောက် မှားယွင်းတွေးခေါ်မှုဖြစ်သည့်အခါ အသိဉာဏ်ကို အမှောင်ဖုံးပြီး အမှားနှင့် အမှန်ကို ခွဲခြားရန် ခက်ခဲသွားရတတ်သည်။

မိမိလုပ်ရပ်သာအမှန်ဖြစ်ပြီး အခြားသူများ၏ ခံစားချက်၊ အလုပ်ကိစ္စများကို မမှန်ဘူးဟုသာ ထင်မြင်ယူဆတတ်ကြသည်။ အကျိုးကို ကြည့်၍ အပြစ်မြင်တော့မည်ဆိုပါက အကြောင်းကိုလည်း ကြည့်ရပါသည်။ အကြောင်းကိုကြည့်၍ အပြစ်မြင်တော့မည်ဆိုပါကလည်း အကျိုးကိုပြန်၍ ကြည့်ကြရသည်။ အကြောင်းအကျိုးကို မညှိထားသည့် အသိသည် အကောင်းအဆိုးကိုလည်း ခွဲခြား၍ မည်သည့်နည်းနှင့်မျှ မသိနိုင်တော့ချေ။

**ပြီးခဲ့သည့်ရက်ပိုင်းက We need US Army ဆိုပြီး ရေးသားဖြန့်ဝေနေသည်ကို မြင်တွေ့ရသည်။ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးအချို့ရှေ့တွင် ဆန္ဒထုတ်ဖော်ကြသည်။ ၇၂ နာရီအတွင်း ဘယ်နိုင်ငံကလာမည်စသည်ဖြင့် ရေးသားကြသည်။ ကိုယ့်ပြည်တွင်းရေးကို အခြားနိုင်ငံများသို့ ဖြေရှင်းအကူအညီတောင်းမည့် နည်းလမ်းသည် သေချာပေါက် အဖြေထွက်မည်လား၊ ကိုယ့်နိုင်ငံကို စစ်တလင်းအဖြစ် ပြောင်းလဲပေးမည့်နည်းလမ်းလားဆိုတာ တွေးတောစဉ်းစားစေလိုပါသည်။ အီရတ်တို့၊ လစ်ဗျားတို့တွင် ပြည်ပစစ်ရေးအကူအညီကို ရယူကြသည်။ သို့သော် ယနေ့အထိ နာလန်မထူနိုင်သေး၊ ယမ်းခိုးတို့ မတိတ်သေးသည်ကို သတိပြုသင့်ပါသည်။**

CDM လုပ်ဆောင်နေသော ခင်မင်ရသည့်မိတ်ဆွေအချို့က မိမိအားပြောသည့် စကားတစ်ခွန်းကို စိတ်ထဲစွဲလျက်ထင်နေသည်။ **“အဆုံးအထိတိုက်ကြမယ်”** တဲ့။ မိမိပြန်လည်မေးခွန်းထုတ်သည့် **“ဘယ်လိုအဆုံးသတ်လဲ၊ ဘယ်လောက်ကြာမှာလဲ၊ အဆုံးမှာ လိုချင်တာဘာလဲ”** ဆိုတာကိုတော့ သူက မရေမရာပြန်ဖြေသည်။ ဆန္ဒပြသူများ၊ အလုပ်မဆင်းသူများ နေ့စဉ်ရက်ဆက်ဖြစ်လာလျှင် လက်ရှိအစိုးရက ပြုတ်ကျ၊ အရပ်သားအစိုးရထံ အာဏာပြန်လွှဲ၊ တိုင်းပြည်ကြီး အေးချမ်းသာယာဝပြော စသည်တို့ ချက်ချင်းဖြစ်လာမလား။ လက်ရှိအခြေအနေကို မတရားခံရသည်ဟု ယူဆသူများ ရှိသကဲ့သို့ အရာရာတိုင်းသည် အကြောင်းကြောင့် အကျိုးဖြစ်လာခဲ့ရသည်ဟု ယုံကြည်ထောက်ခံသူများလည်းရှိပါသည်။ မည်သူ အုပ်ချုပ်သည်ဖြစ်စေ တိုင်းပြည်ကောင်းစားရင်ပြီးတာပဲဟု ခံယူစောင့်ကြည့်သူများလည်း ရှိနိုင်ပါလိမ့်မည်။

မလွှဲမရှောင်သာသည့် အခြေအနေကြောင့် တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းရယူခဲ့ခြင်းဖြစ်သည်။ မကြာမီ နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီမှုရှိသည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဟု ဆိုထားပါသည်။ နိုင်ငံတော်၏ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီး၍ အခြေအနေအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်ပြီးသည့်အခါ လွတ်လပ်၍တရားမျှတသော အထွေထွေရွေးကောက်ပွဲကို ကျင်းပကာ အနိုင်ရပါတီကို နိုင်ငံတော်တာဝန်များ လွှဲပြောင်းပေးအပ်မည်ဟု အတိအလင်းထုတ်ပြန်ပြီးသားဖြစ်ပါသည်။

လက်ရှိမြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အင်အားကြီးနိုင်ငံ နှစ်နိုင်ငံအကြားတွင် တည်ရှိပြီး မည်သည့်နိုင်ငံမဆို မြန်မာနိုင်ငံသို့ လာရောက်မည်ဆိုပါက နယ်နိမိတ်ကန့်သတ်ချက်၊ ရေပိုင်နက်ကန့်သတ်ချက်များကို လေးစားလိုက်နာရမည်၊ လိုအပ်သည့် ခွင့်ပြုချက်များ၊ သဘောတူညီမှုများ ရယူရမည်ဖြစ်ပါသည်။ သို့သော် ထိုအခြေအနေသို့ ရောက်လာရန်အတွက်လည်း လွယ်လွယ်ကူကူ ဖြစ်လာမည်မဟုတ်ပါ။ အရေးယူပိတ်ဆို့ခြင်းများကြောင့်လည်း အတွေ့အကြုံရှိသည့် မြန်မာနိုင်ငံအဖို့ အထူးတလည် ထိခိုက်ဖွယ်ရာ မရှိနိုင်ပါ။ လူမျိုးတစ်မျိုးတည်းသာရှိနေသည့် နိုင်ငံများတွင်ပင် အခြားနိုင်ငံများက စစ်ရေးဖြင့် ဝင်ရောက်စွက်ဖက်လာသည့်အခါ ပြန်လည်နာလန်ထူရန် နှစ်ပေါင်းများစွာခက်ခဲနေသည့် အခြေအနေတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ရှိပြီး နိုင်ငံရေးအင်အားစုများ၊ အသွေးအရောင်များ ရောနှောစုံလင်သည့် မိမိတို့နိုင်ငံသာ ပြည်ပ စွက်ဖက်မှုခံရပါက တိုင်းပြည်အစိတ်စိတ်အမြွှာမြွှာကွဲပြားကာ ဘိုးဘွားတို့အသက်ပေး၍ ရယူခဲ့ရသည့် နိုင်ငံတော်ကြီး ပျက်သုဉ်းသွားနိုင်ပါသည်။

**မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အင်အားကြီးနိုင်ငံ နှစ်နိုင်ငံအကြားတွင်တည်ရှိပြီး မည်သည့်နိုင်ငံမဆို မြန်မာနိုင်ငံသို့ လာရောက်မည်ဆိုပါက နယ်နိမိတ်ကန့်သတ်ချက်၊ ရေပိုင်နက်ကန့်သတ်ချက်များကို လေးစားလိုက်နာရမည်၊ လိုအပ်သည့်ခွင့်ပြုချက်များ၊ သဘောတူညီမှုများရယူရမည်ဖြစ်ပါသည်။ သို့သော် ထိုအခြေအနေသို့ ရောက်လာရန်အတွက်လည်း လွယ်လွယ်ကူကူ ဖြစ်လာမည်မဟုတ်ပါ။ အရေးယူပိတ်ဆို့ခြင်းများကြောင့်လည်း အတွေ့အကြုံရှိသည့် မြန်မာနိုင်ငံအဖို့ အထူးတလည် ထိခိုက်ဖွယ်ရာ မရှိနိုင်ပါ။ လူမျိုးတစ်မျိုးတည်းသာရှိနေသည့် နိုင်ငံများတွင်ပင် အခြားနိုင်ငံများက စစ်ရေးဖြင့် ဝင်ရောက်စွက်ဖက်လာသည့်အခါ ပြန်လည်နာလန်ထူရန် နှစ်ပေါင်းများစွာ ခက်ခဲနေသည့်အခြေအနေတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ရှိပြီး နိုင်ငံရေးအင်အားစုများ၊ အသွေးအရောင်များ ရောနှောစုံလင်သည့် မိမိတို့နိုင်ငံသာ ပြည်ပစွက်ဖက်မှုခံရပါက တိုင်းပြည်အစိတ်စိတ်အမြွှာမြွှာကွဲပြားကာ ဘိုးဘွားတို့အသက်ပေး၍ ရယူခဲ့ရသည့် နိုင်ငံတော်ကြီး ပျက်သုဉ်းသွားနိုင်။**

နိုင်ငံခြားရောက် မိတ်ဆွေအချို့နှင့် အိမ်မှာနေရင်း နိုင်ငံရေးခံယူချက်ပြင်းထန်သူအချို့ လူမှုကွန်ရက်များတွင် ပြည်သူများတစ်ခဲနက်ဆန္ဒပြရန်နှင့် ဝန်ထမ်းများ CDM လုပ်ကြရန်၊ CDM မလုပ်ကြသူအများစုမှာ သစ္စာဖောက်များ ဖြစ်လုနီးနီး ပြောဆိုနေကြသည်၊ မျှဝေနေကြသည်ကို မြင်တွေ့ရသည်။ သူတစ်ပါးကို လမ်းပေါ်ထွက်ရန် ပြောဆိုရသည်မှာ လွယ်ကူပါသည်။ မိမိကိုယ်တိုင် တည်ဆောက်ထားရသည့် နိုင်ငံခြားရောက် ဘဝတစ်ခုကို စွန့်လွှတ်ကာ ကိုယ်တိုင်လမ်းပေါ်ထွက်နိုင်ပါသလားဟု မေးလာခဲ့မည်ဆိုလျှင် ထိုသူများက “အခြေအနေမပေးလို့သာ ပေးပါက ပြည်သူနှင့်အတူ”ဟူ၍များ ဖြေဆိုနေမည်လားမသိ။ ဝန်ထမ်းများကို ရုံးတက်ခြင်းအတွက် အရှက်ရစေရန် အမျိုးမျိုးရေးသားဖြန့်ဝေကြသည်။ ဝန်ထမ်းတစ်ဦးနှင့် နောက်ကွယ်က မိသားစုများ၏ စားဝတ်နေရေး ထည့်မစဉ်းစားပေးကြဘဲ ဘယ်ကိုမှန်းမသိ ရုန်းထွက်ခိုင်းနေခြင်း၊ ဆန္ဒပြမှုကိုအရှိန်မြှင့်ရန် လူထုကို တိုက်တွန်းမြှောက်ပင့်ပေးနေခြင်းသည် အကြမ်းဖက်ဆူပူမှု Riot အထိမှသည် မင်းမဲ့စရိုက်ဆန်သည့်လူအုပ်စု Anarchy Mob များအဖြစ် မရောက်ရောက်အောင် တွန်းပို့ပေးနေခြင်းဟုသာ ယူဆမိပါသည်။

ကျန်းမာရေးဝန်ထမ်းများ ဆေးရုံများတွင် မရှိသည့်အတွက် အချိန်လွန်သွားခဲ့ရသည့် လူနာများ၊ ဝန်ထမ်းများအလုပ်မဆင်းသည့်အတွက် ဌာနဆောင်ရွက်ချက်များ နှောင့်နှေးရသဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ငွေရေးကြေးရေး ထိခိုက်ခံစားရသူများအတွက် ထည့်သွင်းစဉ်းစားပေးကြရမည်ဖြစ်ပါသည်။ ကိုယ်ချင်းစာတရားလက်ကိုင်ထားကာ ငြိမ်းချမ်းစွာဖြင့် နည်းလမ်းမရှာဘဲ ငါနှင့်မတူ ငါ့ရန်သူ၊ အတွေးအခေါ် အယူအဆမတူသူများကို နှိပ်ကွပ်စော်ကားခြင်း၊ ထိခိုက်နစ်နာစေခြင်းသည် ဒီမိုကရေစီကို ပြက်ရယ်ပြုခြင်းပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၄ သန်းကျော်အနက် လူတစ်သန်းကျော် ဆန္ဒထုတ်ဖော်ကြသည်ထား၊ ဆန္ဒပြသူသည် လူဦးရေ၏ နှစ်ရာခိုင်နှုန်းပင် မရှိပါ။ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်း စုစုပေါင်း တစ်သန်းကျော်ရှိသော်လည်း ဆန္ဒပြသူဝန်ထမ်းဦးရေ သောင်းဂဏန်းသာရှိပါသည်။ ဝန်ထမ်းအင်အားစုစုပေါင်း၏ နှစ်ရာခိုင်နှုန်းပင်မပြည့်ဟု မီဒီယာများတွင် ရေးသားဖော်ပြလျက်ရှိပါသည်။ ထိုအထဲက ဝန်ထမ်းအချို့ဆိုလျှင် လူပြောသူပြောနှင့်သာ CDM လုပ်ကြရသော်လည်း ဌာနကို သံယောဇဉ်ကြီးစွာဖြင့် ပြန်လာလိုကြသူများလည်း အများအပြားရှိသည်။ နေ့စဉ်ရက်ဆက် ဆန္ဒပြပွဲများကြောင့် ပြည်သူများ စီးပွားရေး၊ လူမှုရေးများ အားနည်းယိမ်းယိုင်လာနိုင်ပြီး အခက်အခဲများ ကြုံရနိုင်ပါသည်။ လနှင့်ချီ၍ CDM ဝန်ထမ်းများနှင့် စားဝတ်နေရေး ခက်ခဲသော ပြည်သူများအတွက် ဘယ်လိုအဖွဲ့က ကြာကြာများ ထောက်ပံ့ပေးနိုင်ပါမည်နည်းဟု စဉ်းစားပေးစေလိုပါသည်။

**မြန်မာနိုင်ငံတွင် လူဦးရေ ၅၄ သန်းကျော်အနက် လူတစ်သန်းကျော် ဆန္ဒထုတ်ဖော်ကြသည်ထား၊ ဆန္ဒပြသူသည် လူဦးရေ၏ နှစ်ရာခိုင်နှုန်းပင်မရှိပါ။ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်း စုစုပေါင်း တစ်သန်းကျော်ရှိသော်လည်း ဆန္ဒပြသူဝန်ထမ်းဦးရေ သောင်းဂဏန်းသာရှိပါသည်။ ဝန်ထမ်းအင်အားစုစုပေါင်း၏ နှစ်ရာခိုင်နှုန်းပင်မပြည့်ဟု မီဒီယာများတွင် ရေးသားဖော်ပြလျက်ရှိပါသည်။ ထိုအထဲက ဝန်ထမ်းအချို့ဆိုလျှင် လူပြောသူပြောနှင့်သာ CDM လုပ်ကြရသော်လည်း ဌာနကို သံယောဇဉ်ကြီးစွာဖြင့် ပြန်လာလိုကြသူများလည်း အများအပြားရှိသည်။ နေ့စဉ်ရက်ဆက် ဆန္ဒပြပွဲများကြောင့် ပြည်သူများ စီးပွားရေး၊ လူမှုရေးများ အားနည်းယိမ်းယိုင်လာနိုင်ပြီး အခက်အခဲများ ကြုံရနိုင်ပါသည်။ လနှင့်ချီ၍ CDM ဝန်ထမ်းများနှင့် စားဝတ်နေရေးခက်ခဲသော ပြည်သူများအတွက် ဘယ်လိုအဖွဲ့က ကြာကြာများ ထောက်ပံ့ပေးနိုင်ပါမည်နည်းဟု စဉ်းစားပေးစေလို။**

ပြည်သူများအဖို့ ပြဿနာတစ်ခုကို ချဉ်းကပ်ရာတွင် အမှန်တရားနှင့် နီးစပ်မှုရှိစေရန်အတွက် မိမိအသိပညာ၊ အတွေ့အကြုံ၊ ဖြတ်ထိုးဉာဏ်၊ လေ့လာမှု၊ ဆင်ခြင်တုံတရားတို့ဖြင့် ပေါင်းစပ်ချဉ်းကပ်နိုင်မှသာ ဓမ္မဓိဋ္ဌာန်ကျသည့် အဖြေတစ်ခုထွက်ပေါ်လာမည်ဖြစ်ပါသည်။ လက်ရှိနိုင်ငံရေးသည် မိမိတို့နိုင်ငံ၏ အရေးကိစ္စသာဖြစ်သည့်အတွက် ဒီမိုကရေစီနည်းလမ်းအရသာ တိုက်တွန်း၍ အဖြေရှာသင့်ပါသည်။ ဒီမိုကရေစီယဉ်ကျေးမှုအရ ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နိုင်သော်လည်း အများပြည်သူ အေးချမ်းစွာ နေထိုင်မှုနှင့် တည်ငြိမ်မှုကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိ ဥပဒေမဲ့ ခြိမ်းခြောက် အကျပ်ကိုင်၊ အဓမ္မအကြမ်းဖက်မှုများ ရပ်တန်းကရပ်စေလိုပါသည်။ ပြည်သူများ စဉ်းစားဆင်ခြင်ဉာဏ်နှင့် ယှဉ်၍သာ ဆုံးဖြတ်လုပ်ကိုင်သင့်ကြပါပြီဟု ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

# ကိုဗစ်-၁၉ ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တိရစ္ဆာန်ဥယျာဉ်များ ပြန်လည်ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ကိုဗစ်ကာလ အများပြည်သူများ၏ ကျန်းမာရေးကို ရှေးရှုသည့်အနေဖြင့် တိရစ္ဆာန်ဥယျာဉ်များအား ယာယီပိတ်ထားရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနပိုင်ဥယျာဉ်များဖြစ်သော တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၊ မန္တလေးမြို့ရှိ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)၊ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)နှင့် ဆာဖာရီဥယျာဉ် (နေပြည်တော်)တို့အား ကိုဗစ်-၁၉ ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ အများပြည်သူများအတွက် ယနေ့မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

တိရစ္ဆာန်ချစ်ကြသော အများပြည်သူများအတွက် ဝင်ခွင့်ပြုလိုက်ပြီဖြစ်ရာ တိရစ္ဆာန်ဥယျာဉ်များသို့ လာရောက်လည်ပတ်ကြသူများအနေဖြင့် ကိုဗစ်-၁၉ ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်များသို့ ရောက်ရှိသည့်အခါ Social Distancing နှင့်အညီ ဆောင်ရွက်၍ လက်ဆေးကန်များ၌ လက်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းများကို ဆောင်ရွက်ကြရမည်ဖြစ်၍ နှာခေါင်းစည်းနှင့် မျက်နှာအကာတို့ကို တပ်ဆင်လာမှသာလျှင် တိရစ္ဆာန်ဥယျာဉ်များအတွင်း ဝင်ရောက်လည်ပတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန တိရစ္ဆာန်ဥယျာဉ်များဌာန ညွှန်ကြားရေးမှူး ဦးပြည့်စုံမျိုးက ပြောသည်။

"တိရစ္ဆာန်ဥယျာဉ်တွေမှာရှိတဲ့ ပြကွက်တိုင်းမှာ လက်ဆေးရမယ်၊ ပြီးတော့ ဥယျာဉ်မှာရှိတဲ့ တိရစ္ဆာန်တွေအတွက်ကို ကျွေးဖို့ ပြင်ပကယူလာတဲ့ အစားအစာတွေကိုလည်း ကျွန်တော်တို့ တိရစ္ဆာန်ဥယျာဉ်က တိရစ္ဆာန်ဆရာဝန်တွေအနေနဲ့ ကျန်းမာရေးနဲ့ ညီ၊ မညီ စစ်ဆေးပေးမှာဖြစ်ပြီး အစားအစာတွေက ကျန်းမာရေးနဲ့ကိုက်ညီမှုရှိတယ်ဆိုရင်တော့ တိရစ္ဆာန်တွေကို အစာကျွေးခွင့်ရရှိကြမှာလည်းဖြစ်ပါတယ်" ဟု တိရစ္ဆာန်ဥယျာဉ်များဌာန ညွှန်ကြားရေးမှူး ဦးပြည့်စုံမျိုးက ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေခြင်းကြောင့် ရန်ကုန်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အား ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ် ၂၆ ရက်က ယာယီပိတ်ထားခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ပြန်လည်ဖွင့်လှစ်လိုက်ခြင်းဖြစ်ရာ ဖွင့်လှစ်ချိန်အား နေ့စဉ် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီထိ တစ်ကြိမ် သတ်မှတ်ထားကြောင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများအတွက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။




ဘုရင်မကြီး ဗစ်တိုးရီးယားနာမည်ကိုအစွဲပြု၍ ဗစ်တိုးရီးယားအထိမ်းအမှတ်ပန်းခြံနှင့် တိရစ္ဆာန်ဥယျာဉ်ဟု အမည်ပေးခဲ့သော တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ နို့တိုက်သတ္တဝါမျိုးစိတ် ၄၅ မျိုး၊ ငှက်မျိုးစိတ် ၇၂ မျိုးနှင့် တွားသွားသတ္တဝါမျိုးစိတ် ၁၉ မျိုးရှိပြီး တိရစ္ဆာန်လေးများအား စောင့်ရှောက်ထားရုံသာမက အထိမ်းအမှတ်ပြတိုက်များဖြစ်သော သဘာဝပြတိုက်နှင့် ဆင်သမိုင်းပြတိုက်တို့ပါရှိရာ သဘာဝပြတိုက်ကို ၁၉၉၆ ခုနှစ် မေ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကာ ဆင်သမိုင်းပြတိုက်ကို ၂၀၁၉ ခုနှစ် မတ် ၃ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်းလည်း သိရသည်။

ထို့အပြင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ ပန်းမျိုးစိတ်များအနေဖြင့် သစ်ပင်အကြီးအသေး စုစုပေါင်း ၁၈၂ မျိုး၊ အုန်းပင်ရှည်နှင့်အုန်းပင်ပုပေါင်း ၁၉ မျိုး၊ ဝါးနှင့် မြက်အမျိုးအစား စုစုပေါင်း ၂၂၀ နှင့် ချုံ၊ ဆေးဝါးသစ်ပင်အမျိုးအစားစုစုပေါင်း ၇၆ မျိုးတို့ရှိကြောင်း သိရပြီး ရာသီပွင့်ပန်းများ စုစုပေါင်း ၄၈ မျိုးရှိကြောင်း တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ သိရသည်။

**သတင်း - ပွင့်သစ္စာ၊ ဓာတ်ပုံ - Zaw Latt**

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀) မြို့နယ်အဆောင်၌ အသွားအလာကန့်သတ်ထားရှိ၍ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ထိုသို့ အသွားအလာကန့်သတ်ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၂၉၃ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ☆ တိုင်းဒေသကြီးမှ

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၁၀၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၃၃ ဦး စုစုပေါင်း ၁၈၄၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၇၀၃ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၁၀၈၈ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၁၇၉၁ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာတပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံနှင့် တောင်ကြီးမြို့ရှိ နယ်မြေခံဆေးတပ်ရင်းများသို့ ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်၍ အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံအတွက် အလှူငွေကျပ် သိန်း ၃၀ နှင့် ဆေးရုံဝန်ထမ်းများအတွက် အလှူငွေကျပ် ၁၆ သိန်း ၆ သောင်းတို့ကို လည်းကောင်း၊ တောင်ကြီးမြို့ရှိ နယ်မြေခံဆေးတပ်ရင်းအတွက် အလှူငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

ယင်းနောက် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆေးရုံနှင့်ဆေးတပ်ရင်းများ၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော သံဃာတော်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လောက်ကိုင်နှင့် ကွမ်းလုံတို့အား ဆက်သွယ်ပေးမည့် မြို့နယ်ချင်းဆက်လမ်း ဖောက်လုပ်ပေးလျက်ရှိ

**လောက်ကိုင် ဖေဖော်ဝါရီ ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် နယ်စပ်ဒေသအစွန်အဖျားရှိ တောင်ပေါ်ဒေသကျေးရွာချင်းဆက်လမ်းများမှတစ်ဆင့် မြို့နယ်ချင်းဆက်လမ်းများအထိ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိတွင် လောက်ကိုင်မြို့နယ်နှင့် ကွမ်းလုံမြို့နယ်တို့အား ဆက်သွယ်ပေးမည့် မြို့နယ်ချင်းဆက်လမ်းအား ဖောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လောက်ကိုင်မြို့နယ်တို့အား ဆက်သွယ်သွားလာနိုင်မည့် လောက်ကိုင်-တောက်ရွှေ-ရှုကိန်းရွှေ-အာလာဖြဲ-ကွမ်းလုံ(၁၀/၀)မိုင် လမ်းပိုင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ မြေသားလမ်းအဖြစ် ဖောက်လုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ယခုအခါ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၇၅ ဒသမ ၈၅၉ သန်းဖြင့် ကျောက်လမ်း (၂/၀)မိုင်အား အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငွေကြယ်**

# မြောင်းမြမြို့နယ် အသေးစားအရင်းအနှီးချေးငွေပေးဆပ်မှု စွမ်းဆောင်ရည်ဆုချီးမြှင့်

**မြောင်းမြ ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ မြို့နယ်အဆင့် သမဝါယမအသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းကြီးကြပ်မှုကော်မတီမှ EXIM Bank ချေးငွေ ၁၂ ကြိမ်၊ ၁၃ ကြိမ်၊ ၁၄ ကြိမ်များတွင် အသေးစားအရင်းအနှီးချေးငွေပေးဆပ်မှု အစောဆုံးပြေကျေသော သမဝါယမအသင်းများအား အကြိမ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသင်းအမျိုးအစားခွဲခြား၍ ပထမဆုငွေကျပ် ၅၀၀၀၀၊ ဒုတိယဆုငွေကျပ် ၃၀၀၀၀၊ တတိယဆုငွေကျပ် ၂၀၀၀၀ ချီးမြှင့်ခဲ့ရာ ဆုရအသင်း ၁၉ သင်းအား ငွေကျပ် ၆၃၀၀၀၀ ချီးမြှင့်ခဲ့သည်။

အလားတူချေးငွေ ကောက်ခံရာတွင်လည်း ၁၂ ကြိမ်၊ ၁၃ ကြိမ်၊ ၁၄ ကြိမ် တို့တွင် အစောဆုံးပြေကျေစွာ ကောက်ခံပေးသော ကွင်းဆင်းတာဝန်ကျအဖွဲ့ဝင်များကိုလည်း ပထမဆုငွေကျပ် ၁၀၀၀၀၀၊ ဒုတိယဆုငွေကျပ် ၃၀၀၀၀ ဆုငွေချီးမြှင့်ခြင်းနှင့် ၁၄ ကြိမ်မြောက်တွင် EXIM Bank ချေးငွေလုပ်ငန်းလုပ်ကိုင်သော သမဝါယမအသင်း ၁၂၅ သင်းရှိ အသင်းသားဦးရေ ၇၂၄၂ ၏ စုဆောင်းငွေကျပ်သိန်း ၉၅၅၄ ဒသမ ၅၅ မှ စုဆောင်းငွေအပေါ် အတိုးငွေကျပ်သိန်း ၆၅၈ ဒသမ ၃၉၇၂၅ ထုတ်ပေးခြင်းများကို ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးစည်းဝေး

**ဘားအံ ဖေဖော်ဝါရီ ၂၄**

ကရင်ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးမြှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီ က ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၂) ၌ ကျင်းပသည်။

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်အဆင့်အနေဖြင့် ချမှတ်ထားသည့်လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကူးစက်မြန်ကမ္ဘာ့ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သည့် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးမွေးမြူရေးကို အဓိကထား၍ စီးပွားကုန်ထုတ်လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီး မျိုးမင်းနောင်နှင့် ဦးစောခင်မောင်မြင့်တို့က ပြည်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော ပြည်နယ်စိုက်ပျိုးရေး၊ ပြည်နယ်ငါးလုပ်ငန်း၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေး၊ ပြည်နယ် စားသုံးသူရေးရာ၊ ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်နယ်မျိုးစေ့ထုတ်အသင်း၊ ရော်ဘာ စိုက်ပျိုးသူများအသင်း၊ သစ်သီးဝလံ ပန်းမန်အသင်း၊ ကော်ဖီထုတ်လုပ်သူများအသင်း၊ မွေးမြူရေးလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**





# နှစ်ထပ်ကျောင်းဆောင်သစ် ကျောင်းလှူတ်ပူဇာမင်္ဂလာ အခမ်းအနားကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၂၄**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ကောင်စီဝင်များသည် ယနေ့နံနက် ၉ နာရီခွဲက မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ပရိယတ္တိဓမ္မဗိမာန်တော်ကြီးဝင်းအတွင်း၌ ကျင်းပသော ဝိနယာနုဂ္ဂဟအသင်း ရာပြည့်အထိမ်းအမှတ် ဆောက်လုပ်လှူဒါန်းခဲ့သော နှစ်ထပ်ကျောင်းဆောင်သစ် ကျောင်းလှူတ်ပူဇာ မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ မော်လမြိုင်မြို့ နတ်မော်ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တသုမနနှင့် ပင့်သံဃာဆရာတော်ကြီးများအား မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များက လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးများကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**

# ကျောင်းပတ်ဝန်းကျင်နှင့် စာသင်ခန်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှု ခရိုင် / မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေး

**မောင်တော ဖေဖော်ဝါရီ ၂၄**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများကို ရပ်ဆိုင်းထားရှိရာမှ ပြန်လည်ဖွင့်လှစ်ပါက ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးနှင့် စာသင်ခန်းများအား စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းများကို ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ယနေ့ နံနက် ၉ နာရီက အ.ထ.က(၁) စာသင်ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲလွင်၊ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး သန့်စင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကိုနှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးကြဲစိန်အောင်၊ တာဝန်ခံကျောင်းအုပ် ဆရာကြီး ဦးအောင်ကျော်နိုင်နှင့် ဆရာ၊ ဆရာမများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းကာ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ကျောင်းစာသင်ခန်းများအား ဖုန်သုတ်ခြင်း၊ တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကို ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ကျော်သူဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး တင်ဝင်းထွဋ်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



# တိုင်းရင်းသားရိုးရာအဝတ်အထည်များ အရောင်းအဝယ်အေး

**မိုင်းဖြတ် ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် တိုင်းရင်းသားရိုးရာ အဝတ်အထည်များဖြစ်သည့် အာခါနှင့် လားဟူရိုးရာအဝတ်အထည်များ၊ ရိုးရာအသုံးအဆောင်များတွင် အလှဝတ်ဆင်ကြသည့် အသုံးအဆောင်များ အရောင်းအဝယ်အေးနေကြောင်း သိရသည်။

မိုင်းဖြတ်မြို့နယ်တွင် အာခါနှင့် လားဟူရိုးရာအဝတ်အထည်များ အရောင်းအဝယ်လုပ်သည်မှာ ငါးနှစ် ကျော်ပြီဖြစ်ကြောင်း၊ မိုင်းဖြတ်မြို့သည် ထိုင်းနှင့်တရုတ်နိုင်ငံတို့နှင့် နီးစပ်သောကြောင့် ထိုင်းနှင့်တရုတ်သို့လည်း တင်ပို့ရောင်းချကြောင်း၊ ယခုအခါ ကိုဗစ်ကာလဖြစ်သောကြောင့် ပြည်တွင်းမြို့များဖြစ်သည့် ကျိုင်းတုံ၊ တာချီလိတ်မြို့တို့သို့သာ တင်ပို့ရောင်းချကြောင်း၊ မိုင်းဖြတ်မြို့မှ ဒေသခံတိုင်းရင်းသားများကို ရောင်းရကြောင်း၊ ယခုအခါ အရောင်းအဝယ်အေးနေကြောင်း ရိုးရာဝတ်စုံများ အရောင်းအဝယ်ပြုလုပ်သူ ဒေါ်အားဒွေ့ထံမှ သိရသည်။

အားခါနှင့် လားဟူရိုးရာအဝတ်အထည်များဖြစ်သည့် အမျိုးသား၊ အမျိုးသမီးဝတ်ရိုးရာအင်္ကျီများ၊ လွယ်အိတ်ဒီဇိုင်းအမျိုးမျိုး၊ ရိုးရာအသုံးအဆောင်များတွင် အလှဆင်အသုံးပြုကြသည့် ရိုးရာချည်ထည်များဖြင့် ထိုးထားသည့် အသုံးအဆောင်များကို ရောင်းချပြီး အဆိုပါရိုးရာအထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို ခရစ္စမတ်ပွဲ၊ လားဟူနှစ်သစ်ကူးပွဲတော်၊ အာခါရိုးရာဒန်းစီးပွဲတော်များ၊ ကောက်သစ်စားပွဲများနှင့် ရိုးရာပွဲတော်များကျင်းပသည့် အချိန်များတွင် အများဆုံးဝတ်ဆင်အသုံးပြုကြသဖြင့် ရောင်းအားပိုကောင်းလေ့ရှိသည်။ ရောင်းချသည့် ရိုးရာအဝတ်အထည်များကို ကွက်သစ်ရပ်ကွက်၊ ဝမ်ဟွေရပ်ကွက်နှင့် ဟိုနားကျေးရွာတို့တွင် တစ်နိုင်တစ်ပိုင် လုပ်ကိုင်နေကြသည့် လက်မှုဖြင့်ချည်ထည်ထိုးလုပ်ကိုင်နေကြသူများထံမှတစ်ဆင့် ပြန်ဝယ်ရောင်းချကြောင်း သိရသည်။

**ရွှေကို(မိုင်းဖြတ်)**

## လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာအုပ်စုများသို့ စွမ်းအားမြင့်မီးဖိုများ အခမဲ့ဖြန့်ဖြူးပေး

**ရေကြည် ဖေဖော်ဝါရီ ၂၄**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားရာသီဥတုပြောင်းလဲမှု ဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်သော စွမ်းအားမြင့်မီးဖိုများကို ကျေးရွာအုပ်စုများရှိ ပြည်သူများလက်ဝယ်သို့အရောက် ယမန်နေ့မွန်းလွဲ တစ်နာရီက စိုက်ပျိုးရေးဦးစီးဌာနမှ ကန်ချောင်စခန်းနယ်မြေတာဝန်ခံ ဒေါ်ဖြူဖြူသင်း၊ ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများနှင့်အတူ ဖြန့်ဖြူးပေးခဲ့သည်။

ထိုသို့စွမ်းအားမြင့်မီးဖိုများဖြန့်ဖြူးပေးရာတွင် အဓိက လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာအုပ်စုများကို ဖြန့်ဖြူးပေးဖြစ်ကြောင်း၊ ကျေးရွာအုပ်စု (၁၀)အုပ်စုဖြစ်သည့် ကန်ချောင်အုပ်စု၊ ကွမ်းသီးချောင်းအုပ်စု၊ လှည်းထောက်အုပ်စု၊ ချောင်းဖျားအုပ်စု၊ ကွင်းကြီးအုပ်စု၊ နွားကုန်းအုပ်စု၊ ဖက်သလက်အုပ်စု၊ ပန်းဇံကွင်းအုပ်စု၊ နွားရေတိုက်အုပ်စု၊ မကျည်းလဟာအုပ်စုတို့တွင် စွမ်းအားမြင့်မီးဖိုအလုံးရေ ၂၇၂၆ လုံး ဖြန့်ဖြူးပေးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ကန်ချောင်စခန်း နယ်မြေတာဝန်ခံ ဒေါ်ဖြူဖြူသင်းက ပြောကြားသည်။

**ဆန်းတင့်(ရေကြည်)**

# ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**လွိုင်ကော် ဖေဖော်ဝါရီ ၂၄**

ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းက ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး(ခ) ဘူးရယ်က ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးဝန်ဆောင်မှုအခြေအနေများ၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ဆောင်ရွက်ထားရှိမည့်အခြေအနေများ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍတိုးတက်စေရေးအတွက် ဆောင်ရွက်နေသည့်အခြေအနေများ၊ တန်ခိုးကြီးဘုရားများ ပြန်လည်ဖွင့်လှစ်မှုနှင့် ဘုရားဖူးပြည်သူများ ဖူးမြော်နေမှုအခြေအနေများ စသည်တို့ကို သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးတင်ပြကြရန် အဖွင့်အမှာစကားတွင် ပြောကြားခဲ့သည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဆွေးနွေးတင်ပြခဲ့ပြီး ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ကိုဗစ်-၁၉ ဆိုင်ရာကိစ္စရပ်များနှင့် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများ ဖွင့်လှစ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ အစည်းအဝေးတွင် ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြည်နယ်ဧည့်ရိပ်သာဆောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၄**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော ကချင်ပြည်နယ် ဧည့်ရိပ်သာတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး အတွက် ယနေ့မွန်းလွဲ ၂ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ရှင်းလင်းပြသ**

ကချင်ပြည်နယ်ဧည့်ရိပ်သာ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုနှင့် အဆောက်အအုံအတွင်းပိုင်း ဖွဲ့စည်းထားရှိမှု အခြေအနေတို့ကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်လုပ်ငန်းစိစစ်ရေးနှင့် လုပ်ငန်းကြီးကြပ်ရေးကော်မတီအဖွဲ့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ယူဆောက်လုပ်သည့် မနောရောဆောက်လုပ်ရေး ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဧည့်ရိပ်သာအဆောက်အအုံသစ် အတွင်း နိုင်ငံတော်အကြီးအကဲအဆင့် တည်းခိုရေး တည်ဆောက်ထားရှိမှုနှင့် အိပ်ခန်းဆောင်များ၊ အဆောက်အအုံအတွင်းရှိ အစည်းအဝေးခန်းမ၊ ဧည့်ခန်းမ၊ လုံခြုံရေးထိန်းချုပ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပြည်နယ်ကောင်စီဥက္ကဋ္ဌက လုံခြုံရေးဆိုင်ရာ အဆောက်အအုံများ ဖြည့်စွက်ဆောင်ရွက်နိုင်ရေး၊ မြေယာရှုခင်းပြုပြင်နိုင်ရေး၊ စာချုပ်ပါ အဆောက်အအုံဒီဇိုင်းအတိုင်း စာရင်းစစ်ဆေးမှုခံယူရေးနှင့် လိုအပ်ချက်များအပေါ် ဖြည့်စွက်ပြင်ဆင်နိုင်ရေးတို့ကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့် ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ကျန်းမာရေးအထောက်အကူပြု စားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ကိုဗစ်-၁၉ ကာလအတွင်း Grand Wynn Enterprise Ltd. မှ တာဝန်ရှိသူများက ဘိုးဘွားရိပ်သာသို့ ငွေကျပ် ၁၀၄၀၀၀၀ တန်ဖိုးရှိ Arla Milk ဘူး ၂၀၀ နှင့် ချောကလက်ပလာတာ ဘူး ၂၀၀ တို့ကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ပေးအပ်လှူဒါန်းရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။ ဆက်လက်၍ Grand Wynn Enterprise Ltd. တာဝန်ရှိသူများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ Arla Milk ဘူး ၃၅၀၊ ချောကလက်ပလာတာ ဘူး ၃၅၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



# ကျိုက်မရောမြို့နယ်၌ အားကစားနှင့် ကာယပညာဦးစီးဌာန ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ တည်ဆောက်လျက်ရှိ

**ကျိုက်မရော ဖေဖော်ဝါရီ ၂၄**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာတည်ဆောက်လျက်ရှိကြောင်း သိရသည်။

ကျိုက်မရောမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတွင် တာဝန်ထမ်းဆောက်လျက်ရှိသော ဝန်ထမ်းမိသားစုများ၏ နေထိုင်ရေးအဆင်ပြေစေရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်မှခွင့်ပြုငွေ ၇၃ ဒသမ ၅ သန်းဖြင့် အလျား ၇၂ ပေ၊ အနံ ပေ ၄၀ RC တစ်ထပ် လေးခန်းတွဲဝန်ထမ်းအိမ်ရာကို ဇန်နဝါရီ ၁၆ ရက်မှစ၍ တင်ဒါအောင်မြင်ခဲ့သည့် Shine Ngoise ကုမ္ပဏီက စတင်တည်ဆောက်ခဲ့ပြီး လက်ရှိအချိန်တွင် တည်ဆောက်မှု လုပ်ငန်းဆောင်ရွက်မှုမှာ ၄၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးကိုကိုဝင်းထံမှ သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# ညောင်ရွှေမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြစိမ်းရောင် ကျေးရွာကြီးကြပ်ရေးကော်မတီများထံသို့ ရန်ပုံငွေများ ဖြန့်ဖြူး

**ညောင်ရွှေ ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်(သားငါးကဏ္ဍ) ကျေးရွာလှည့်ပတ်ရန်ပုံငွေကြီးကြပ်မှုကော်မတီက ဖြန့်ဖြူးခဲ့သော ရင်းနှီးမတည်ငွေများမှ မွေးမြူရေးတောင်သူများအတွက် ရန်ပုံငွေဆက်လက်ဖြန့်ဖြူးခြင်းကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်မင်းထွန်းက မြို့နယ်အတွင်း မြစိမ်းရောင်ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်အောင်မြင်နေမှု အခြေအနေများ၊ လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းက မွေးမြူရေးတောင်သူများ၏ မြစိမ်းရောင်(သားငါးကဏ္ဍ) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ ကျေးရွာကြီးကြပ်ရေးကော်မတီများထံသို့ ရန်ပုံငွေများ ဆက်လက်ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ မြစိမ်းရောင်(သားငါးကဏ္ဍ) ကျေးရွာလှည့်ပတ်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့ပေးအပ်မှုတွင် ကျွန်းကြီးကျေးရွာအုပ်စု ရေမဲပင်(ရှမ်းရွာ)ကို ရင်းနှီးမတည်ငွေကျပ် သိန်း ၃၀၀ နှင့် အတိုးငွေကျပ် သိန်း ၁၆၀ စုစုပေါင်းငွေကျပ် သိန်း ၄၆၀ ကိုလည်းကောင်း၊ ရွှာသာကျေးရွာအုပ်စု ကြေးကိုင်/လိပ်ကုန်းကျေးရွာကို ရင်းနှီးမတည် ငွေကျပ် သိန်း ၃၀၀ နှင့် အတိုးငွေကျပ်သိန်း ၁၆၀ ကိုလည်းကောင်း အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများအား ရပ်ဆိုင်းထားရှိရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများက အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့်ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေ၊ အမ်း၊ တောင်ကုတ်၊ ဂွမြို့၊ သံတွဲ၊ မောင်တော၊ ဘူးသီးတောင်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များ၊ အခြေခံပညာအလယ်တန်းကျောင်းများ၊ အခြေခံပညာမူလတန်းလွန်ကျောင်းများနှင့် အခြေခံပညာမူလတန်းကျောင်းများ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အခြေခံပညာအထက်တန်းကျောင်း(နတ်စင်ကုန်း)၊ ပြည်မြို့ ဆင်စုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ ဆံတော်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ မြို့သစ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ ပေါက်ခေါင်းမြို့ အုတ်ပုံကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် ရွှေကျင်မြို့ ဂန့်ဂေါ်ဝိုင်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ရွှေကျင်)တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ကျောင်းဝင်းများအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် စာသင်ဆောင်များအတွင်း၊ အပြင်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မဟာအံ့ထူးကံသာဘုရားကြီး ဝန်ထမ်းမိသားစုက သတ္တမအကြိမ်မြောက် စုပေါင်းထမနဲထိုးပွဲ ကျင်းပ

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၄

ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဘုရားကြီး ဝန်ထမ်းမိသားစုများ၏ သတ္တမအကြိမ်မြောက် စုပေါင်းထမနဲထိုးပွဲကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ဝန်ထမ်းမိသားစုအိမ်ရာဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ထမနဲထိုးပွဲတွင် မိသားစုဝင်များရှိ အဖွဲ့ရှစ်ဖွဲ့တို့က ထိုးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ထမနဲများကို ဘုရားဖူးလာပြည်သူများအား စတုဒိသာကျွေးမွေးခြင်းများ ပြုလုပ်ခဲ့သည်။ ပြင်ဦးလွင်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်တိုက်များသို့ ယနေ့တွင် အရဏ်ဆွမ်းကပ်လှူခဲ့ကြောင်း ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူးများထံမှ သိရသည်။

ထမနဲထိုးပွဲသို့ ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**သိန်းဇော်(ကျည်ပွေ့)**

## ပရီမီယာလိဂ်ကလပ်အသင်း လေးသင်းက ဒေါ့မွန်တိုက်စစ်မှူး ဟာလန်းကို ခေါ်ယူရန် စီစဉ်နေ

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းရဲ့ တိုက်စစ်မှူး ဟာလန်းကို ပရီမီယာလိဂ်ကလပ်အသင်း လေးသင်းဖြစ်တဲ့ မန်ယူအသင်း၊ လီဗာပူးအသင်း၊ မန်စီးတီးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့က ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ဒေါ့မွန်တိုက်စစ်မှူး ဟာလန်းဟာ ဒေါ့မွန်အသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့တာကြောင့် ဥရောပရဲ့ ကလပ်အသင်းအများစုရဲ့ စိတ်ဝင်စားမှုခံခဲ့ရသူ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဟာလန်းဟာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်းက ဆဲလ်ဘတ်အသင်းကနေ ဒေါ့မွန်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းနဲ့အတူ ဘွန်ဒက်လီဂါပွဲစဉ် ၄၃ ပွဲမှာ ၄၃ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

အဲဒီလို စွမ်းဆောင်ရည်ရှိခဲ့တာကြောင့် မန်ယူအသင်းက နော်ဝေတိုက်စစ်မှူး ဟာလန်းကို ခေါ်ယူဖို့ ကာလကြာရှည် စောင့်ကြည့်မှုပြုလုပ်ခဲ့ပြီး အခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ဒါ့ပြင် ချယ်လ်ဆီးအသင်းကလည်း နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ပထမဦးစားပေးခေါ်ယူမယ့် ကစားသမားစာရင်းမှာ တိုက်စစ်မှူး ဟာလန်းကို ထည့်သွင်းထားတာ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဟာလန်းကို ခေါ်ယူဖို့ ပရီမီယာလိဂ်ကလပ်အသင်းလေးသင်းက စိတ်ဝင်စားနေတယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်လာပြီးနောက်မှာ ဥရောပရဲ့ ကလပ်အသင်း ၁၀ လောက်က ဟာလန်းကို ခေါ်ယူဖို့ စီစဉ်နေတယ်လို့လည်း သိရပါတယ်။




○ တိုက်စစ်မှူးမှ

တိုက်စစ်မှူး ဂျရူးဟာ ချန်ပီယံလိဂ်အုပ်စုအဆင့်မှာ ဆီဗီလာအသင်း၊ ရင်းနက်စ်အသင်းတို့နဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်တွေမှာလည်း သွင်းဂိုးလေးဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာကြောင့် ချယ်လ်ဆီးအသင်းရဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေမှာ အရေးပါတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်လာခဲ့ပါတယ်။ လက်ရှိမှာ တိုက်စစ်မှူး ဂျရူးဟာ အခုနှစ် ဘောလုံးရာသီအတွင်း ချန်ပီယံလိဂ်သွင်းဂိုး ခြောက်ဂိုးမြောက် သွင်းယူနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

နည်းပြ သောမက်တူချယ်ဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တဲ့အတွက် ချယ်လ်ဆီးအသင်းနဲ့အတူ ချန်ပီယံလိဂ်ပြိုင်ပွဲတွေမှာ စတင်တာဝန်ယူချိန် ပထမဆုံးနိုင်ပွဲရရှိခဲ့တဲ့ တတိယမြောက်နည်းပြတစ်ဦးဖြစ်လာခဲ့ပြီး ဒီမက်တီယိုနဲ့ ဂတ်ဟစ်ဒင့်တို့ဟာ ယခင်က ချယ်လ်ဆီးအသင်းနည်းပြဘဝနဲ့ ချန်ပီယံလိဂ်မှာ နိုင်ပွဲစတင်ရရှိခဲ့တာ ဖြစ်ပါတယ်။

## တိုက်စစ်မှူး ဒိုင်ဘာလာ နွေရာသီကာလတွင် ဂျူဗင်တပ်အသင်းမှ ထွက်ခွာမည်

ဂျူဗင်တပ်အသင်း တိုက်စစ်မှူး ဒိုင်ဘာလာဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ လက်ရှိကလပ် ဂျူဗင်တပ်အသင်းကနေ ထွက်ခွာဖို့ရှိနေပြီး ဒိုင်ဘာလာအနေနဲ့ ဂျူဗင်တပ်အသင်းနဲ့အတူ ဘောလုံးရာသီ ခြောက်ရာသီကြာ ဖြတ်သန်းခဲ့မှုကို အဆုံးသတ်သွားဖို့လည်း ရှိနေတာဖြစ်ပါတယ်။

အာဂျင်တီးနားအသင်း တိုက်စစ်မှူး ဒိုင်ဘာလာဟာ ၂၀၂၂ ခုနှစ်အတွင်းမှာ လက်ရှိဂျူဗင်တပ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်ပြီး လာမည့်လအတွင်း စာချုပ်သစ် မချုပ်ဆိုခဲ့ပါက နွေရာသီကာလအတွင်းမှာ ရောင်းချသွားဖို့လည်း ဂျူဗင်တပ်အသင်းက စီစဉ်ထားတာဖြစ်ပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒိုင်ဘာလာဟာ ဂျူဗင်တပ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းက ၁၈ လတာ ကျန်ရှိတော့တာကြောင့် ဒိုင်ဘာလာနဲ့ ဂျူဗင်တပ်အသင်းတို့အကြား စာချုပ်သစ်ချုပ်ဆိုရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိတယ်လို့လည်း သိရပါတယ်။



တိုက်စစ်မှူး ဒိုင်ဘာလာဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက ဂျူဗင်တပ်အသင်းနဲ့အတူ ကစားသမားဘဝ တစ်လျှောက် အီတလီစီးရီးအေဖလားကို ကိုးကြိမ်ဆက်တိုက်ရရှိရေးအတွက် စွမ်းဆောင်ပေးခဲ့ပြီး အီတလီစီးရီးအေရဲ့ တန်ဖိုးအကြီးဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ ဂျူဗင်တပ်အသင်းဟာ အမှတ်ပေးဇယားထိပ်ဆုံးက ဦးဆောင်လျက်ရှိတဲ့ အင်တာမီလန်အသင်းနဲ့ ရှစ်မှတ်ကွာအနေအထားမှာ ရပ်တည်လျက်ရှိနေတာဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းက ဒိုင်ဘာလာကို စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒရှိနေပြီး ၂၀၁၇ ခုနှစ်အတွင်းက တိုက်စစ်မှူးဒိုင်ဘာလာကို တစ်ပတ်လုပ်ခလစာပေါင် ၂၂၅၀၀၀ နဲ့ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဒိုင်ဘာလာကို ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ မန်ယူအသင်း၊ လီဗာပူးအသင်းနဲ့ စပါးအသင်းအပါအဝင် စပိန်လာလီဂါကလပ်အသင်းတွေဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

## လီဗာပူးအသင်းခေါင်းဆောင် ဂျော်ဒန်ဟန်ဒါဆန် ပေါင်ခြံဒဏ်ရာကြောင့် သုံးလကြာ အနားယူရမည်

လီဗာပူးအသင်းခေါင်းဆောင် ဂျော်ဒန်ဟန်ဒါဆန်ဟာ ဖေဖော်ဝါရီ ၂၀ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ လီဗာပူးအသင်းနဲ့ အဲဗာတန်အသင်းတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ပေါင်ခြံဒဏ်ရာရရှိခဲ့တာကြောင့် သုံးလကြာ အနားယူရမှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၃၀ အရွယ်ရှိ ကွင်းလယ်ကစားသမား ဂျော်ဒန်ဟန်ဒါဆန်ဟာ အဲဗာတန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ မာဆေးလ်ဆိုက်ဒ်ဒါဘီပွဲစဉ်မှာ မိနစ် ၃၀ ရောက်မှ လူစားဝင်ကစားခဲ့တာဖြစ်ပြီး ပေါင်ခြံဒဏ်ရာရရှိခဲ့တာကြောင့် ဖေဖော်ဝါရီ ၂၄ ရက်မှာ ခွဲစိတ်ကုသမှုခံယူခဲ့ရတာဖြစ်ပါတယ်။

လီဗာပူးအသင်းကတော့ ဧပြီလအတွင်းမှာ ယှဉ်ပြိုင်ကစားရမယ့် ပွဲစဉ်တွေမှာ အသင်းခေါင်းဆောင် ဂျော်ဒန်ဟန်ဒါဆန်အနေနဲ့ ပြန်လည်ပွဲထွက်ကစားနိုင်မယ်လို့ မျှော်လင့်ထားတာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်



## ကလေးခရိုင်အတွင်းရှိ ထူးဆန်းဖွယ်ရာ မြတ်ဗုဒ္ဓလက်ဆေးကန်၌ ဆောင်းခိုငှက်ဝင်ရောက်မှုနည်း

**ကလေး ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေး- တမူး မြန်မာ-အိန္ဒိယချစ်ကြည်ရေးကားလမ်းမကြီး နံဘေး ကလေးမြို့နယ် ရန်မျိုးအောင်ကျေးရွာ အနီးမှ ပြောင်ဘုတ်- မော်လိုက်လမ်းအတိုင်း ၁၄ မိုင်ခန့်တောင်တက်ခရီး၊ မော်လိုက်မြို့မှ ၁၉ မိုင်ဝေးသော နာမည်ကျော် မြတ်ဗုဒ္ဓ လက်ဆေးကန်တွင် ယခင်နှစ်များက နိုဝင်ဘာလကုန်ပိုင်းမှအစပြု၍ ဖေဖော်ဝါရီလကုန် အထိ ဆောင်းခိုငှက်မျိုးစုံ တွေ့ရခဲ့သော်လည်း ယခုနှစ်တွင်ငှက်အရေအတွက်နည်းပါး လာကြောင်း သိရသည်။

ယခင်ဆယ်စုနှစ်ကျော်ကာလက မြတ်ဗုဒ္ဓ လက်ဆေးကန်တွင် ဆောင်းခိုငှက်မျိုးစုံတွေ့ မြင်ခဲ့ရသော်လည်း ယခုအခါ ကျောက်မီးသွေး ထုတ်လုပ်မှုများကြောင့် သစ်တောအတွင်း စည်းကမ်းမဲ့ သစ်ဝါးခုတ်သူများပြားလာ သဖြင့် အဓိက သစ်တောဝါးတောကြီးများ ပျက်သုဉ်းလာခြင်း၊ ဒေသတွင်း မုဆိုးများက တောပျော်တိရစ္ဆာန်မျိုးစုံနှင့် ရှားပါးငှက်များကို ဖမ်းဆီးသတ်ဖြတ်ရောင်းချမှုကြီးမားလာ ခြင်းတို့ကြောင့် တစ်နှစ်ထက်တစ်နှစ် တောပျော်သားကောင်များနှင့် ရေကန်ပျော်ငှက်မျိုးစုံတို့မှာ ကွယ်ပျောက်လာရခြင်းဖြစ်ကြောင်း လက်ဆေးကန်အနီးတွင် နေထိုင်သည့် ဦးလှမောင်က ပြောကြားသည်။

ကလေးခရိုင်နှင့် မော်လိုက်ခရိုင်အစပ်တွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၃၀၆၉ ပေတွင် တည်ရှိသော မြတ်ဗုဒ္ဓ လက်ဆေးကန်တွင် ယခုနှစ် ဇန်နဝါရီလဆန်းက ရေဘဲအုပ်စုဝင် စစ္စလီသေး၊ မောက်တင်၊ ကလက်၊ တောငန်း၊ ဟင်္သာ၊ တောဝမ်းဘဲ၊ ခရုစုတ်ငှက်၊ ငဟစ်မွဲ၊ ဗျိုင်းစသည့် ငှက်အနည်းငယ်ကိုသာ တွေ့မြင်ရတော့သဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်နေပြီဖြစ်ကြောင်း ကလေးမြို့အခြေစိုက် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ထားသည်။

အဆိုပါ လက်ဆေးကန်ရေပြင်သည် အကျယ် ၁၈ ဧကခန့်ရှိပြီး လက်ဆေးကန်ဝန်းကျင်တွင် ဝါးခါးရေစိုတော ရှိခြင်း၊ နွေမိုးဆောင်း ၁၂ လရာသီပတ်လုံး ရေပြင်အတက်အကျမရှိခြင်း၊ အမြဲတမ်းကြည်လင်အေးမြခြင်း၊ ကန်တွင်းရှိအမှိုက်နှင့် သစ်ရွက်ခြောက်များကို ငှက်ကောင်အဖွဲ့လိုက်ဖြင့် ကိုက်ချီ၍ သန့်ရှင်းရေးပြုလုပ်ပေးသဖြင့် ရေကန်အတွင်း အမှိုက်ကင်းစင်ခြင်း၊ ရေအမျိုးအစား PH-7 ရှိခြင်းတို့ကြောင့် အလွန်ထူးခြားသည့် ရေကန်ဖြစ်သည်။

ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစပြီး ဘုရား၊ ကျောင်းကန်၊ ဇရပ်တို့ဖြင့် ပြည့်စုံလာသည့်အတွက် ဘုရားဖူးသွားရောက်သူများပြားလာရာ အထူးသဖြင့် သီတင်းကျွတ်ချိန်၊ ကထိန်ခင်းချိန်နှင့် သင်္ကြန်ကာလတို့တွင် ဒေသတွင်း ဘုရားဖူးခရီး၊ လေ့လာရေးခရီးသွားရောက်သူများ အပြင် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကပါ စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

**သတင်း-ချင်းတွင်းသား**

**Photo-Chit Zaw Oo**

## ရေဦးတွင် ရှားပါးသိန်းငှက်တစ်ကောင်တွေ့ရှိ

**ရေဦး ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ဂုဏ်တန်ကျေးရွာတွင် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီက ကျောပေါ်တွင်ဆိုလာပြားကဲ့သို့ ပစ္စည်းတပ်ထားသော ရှားပါးသိန်းငှက်တစ်ကောင် တွေ့ရှိသည်။

သိန်းငှက်တွေ့သော ကိုဝင်းဇော်ထွေးသည် ရေဦးမြို့နယ် သစ်တောဦးစီးဌာနသို့ သွားရောက်အပ်နှံခဲ့ကြောင်း သိရသည်။

"ကျောပေါ်မှာ ဆိုလာပြားလိုပါပြီး ခြေထောက်မှာနံပါတ်ပြားပါတဲ့ ငှက်ကိုတွေ့ရင် မြန်မာပြည်ရဲ့ရှားပါးသားငှက်ဖြစ်လို့ ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ ငှက်မှန်းသိကြဖို့လိုအပ်ပါတယ်။ ရှားပါးကျေးငှက်မို့ ခြေရာခံလိုက်လို့ရအောင် ဆားကစ်ပြားကိုအမြီးနဲ့ကိုယ်မှာပြုတ်မကျအောင် တွဲတပ်ပေးထားတာပါ" ဟု ဇီဝမျိုးကွဲနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ ဦးသော်ဖြိုးရွှေက ပြောကြားသည်။

တွေ့ရှိသောသိန်းငှက်သည် ခေါင်းမှအမြီးဆုံးအထိ ၁ ပေ ၆ လက်မ၊ အတောင်ပံဖြန့် အစအဆုံး နှစ်ပေ၊ အမြင့် ခြေထောက်ထောက်လျက် တစ်ပေရှိကြောင်း သိရသည်။

အဆိုပါသိန်းငှက်ကျောပေါ်တွင် တစ်လက်မပတ်လည်ခန့်ရှိသော Solar ပြားနှင့် ချည်မျှင်ကဲ့သို့ သတ္တု Antenna နှင့် Microchip ပါရှိပြီး ခြေထောက်တွင် သတ္တုကွင်းနှင့် ၎င်းအပေါ်၌ စာရေးထားကြောင်း သိရသည်။

**လူလေး**





## ဝန်းသိုမြို့နယ်တွင် ကုန်ထုတ်လမ်းဆောင်ရွက်နေမှု ၉၀ ရာခိုင်နှုန်းကျော်ပြီးစီး

**ဝန်းသို ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ လျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ကျေးလက်ကုန်ထုတ်လမ်းသုံးလမ်းကို ကနဖော့ကျေးရွာ၊ မြိုင်ဇေယျာကျေးရွာနှင့် အောင်းပင်ကျေးရွာတို့တွင် ဖောက်လုပ်ပေးလျက်ရှိသည်။

ယင်းကျေးလက်ကုန်ထုတ်လမ်းများအနက် မြိုင်ဇေယျာကျေးရွာ ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း၊ ယင်းကုန်ထုတ်လမ်းမှာ ပထမအလွှာ တစ်ပေဒု ခင်းခြင်းလုပ်ငန်းနှင့် ဒုတိယအလွှာ တစ်ပေဒု ခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီး၍ ကိုးလက်မဒု ဂျင်းမြေ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများပြီးစီးပါက ယင်းလမ်းပေါ်၌ လိုအပ်နေသော ၁၀ ပေ ကွန်ကရစ်တံတား တစ်စင်း၊ ငါးပေ Box curvelt နှစ်စင်းနှင့် အချင်း နှစ်လက်မခွဲ ရေပြွန်တံတား တစ်စင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရပြီး ယင်းလုပ်ငန်းအားလုံး ဆောင်ရွက်ပြီးပါက အိမ်ခြေ ၇၇ အိမ်၊ လူဦးရေ ၃၉၉ ဦးတို့အတွက် အကျိုးပြုမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**မွေးကြူဇင်**

## ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**တောင်ကုတ် ဖေဖော်ဝါရီ ၂၄**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်တွင် ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်းနှင့် ကျေးလက်အိမ်ရာများ တည်ဆောက်နေမှုကို ယမန်နေ့ နံနက်ပိုင်းက တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးထွန်းမြင့်နိုင်တို့က ကွင်းဆင်းစစ်ဆေးသည်။

ကျေးလက်ကုန်ထုတ်လမ်းမှာ လမ်းအရှည် ၂ မိုင် ၄ ဖာလုံ၊ အကျယ် (၁၈ x ၂)ပေ ရှိ မြေသားလုပ်ငန်းနှင့် ချောင်းကျောက်စရစ်ခင်းခြင်းလုပ်ငန်းမှာ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် တောင်ကုတ်မြို့နယ် ကျော်ကိုင်းကျေးရွာအုပ်စု ငှက်ပြောတောကျေးရွာတွင် ကျေးလက်အိမ်ရာ ခုနစ်လုံး တည်ဆောက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်ဒွေး(ပြန်/ဆက်)**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် စီမံကိန်းတာဝန်ခံတို့သည် ဖေဖော်ဝါရီ ၂၃ ရက်က ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ကျပ်သိန်း ၁၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လက်ပံခင်ကျေးရွာ၊ ဒိုးတန်းကျေးရွာနှင့် မူခရမ်းကျေးရွာတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် လက်ပံခင်ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်း၊ ဒိုးတန်းကျေးရွာနှင့် မူခရမ်းကျေးရွာတို့တွင် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မြေသားလမ်းပြုပြင်ဆောင်ရွက်နေမှုနှင့် အသုံးအဆောင် ဆက်စပ်ပစ္စည်းများ အသင့်ဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

**တင်စိုး(ပဲခူး)**



# အလောင်းတော်ကဿပ ဘုရားဖူးခရီး

နိုင်ထွန်း(TGI)






၂၀၁၉ ခုနှစ်အတွင်း ပထမဦးဆုံးထွက်ခဲ့သည့် ခရီးကတော့ အလောင်းတော်ကဿပ ဘုရားဖူးခရီးပင်ဖြစ်၏။ ဖေဖော်ဝါရီလ ၂၉ ရက် (စနေနေ့)နှင့် မတ်လ ၁ရက်(တနင်္ဂနွေနေ့)မတ်လ ၂ရက်(တနင်္လာနေ့) တောင်သူလယ်သမားနေ့ဖြစ်၍ ဆက်တိုက် ရုံးပိတ်ရက် သုံးရက်အတွင်း ဖြစ်၏။ ထိုသုံးရက်အတွင်း တောင်ကြီးတွင်အတူနေသည့် တပည့်ကျော်ဇနီးမောင်နှံကလည်း အလည်လာမည်ဆိုသဖြင့် မဟေသီနှင့် သမီးကြီးတို့ မရောက်ဖူးသေးသည့် အလောင်းတော်ကဿပ ဘုရားဖူးခရီးသွားရန် စီစဉ်ခဲ့၏။ ညှိသည်အပါအဝင် ၁၀ ဦးခန့်ရှိ၍ အပြင်မှ ဘုရားဖူးကားတစ်စီးငှားရ၏။ မုံရွာ–အလောင်းတော်ကဿပ အသွား၊ အပြန် ငွေကျပ် ၅၀၀၀၀ အပြီးအစီးဆို၏။ အလောင်းတော်မှအပြန် ဖိုဝင်တောင်၊ ရွှေဘတောင်ဝင်မည်ဆိုက ငွေကျပ် ၁၅၀၀၀ ထပ်ဆောင်းပေးရမည် ဆိုပေ၏။ ကားဂိတ်နှင့် မိတ်ဖြစ်ဆွေဖြစ် ဈေးဆစ်ခဲ့ရာ ငွေကျပ် ၆၀၀၀၀ နှင့် အဆင်ပြေခဲ့၏။ အလောင်းတော်ကဿပသို့ စောစောရောက်ရန် နံနက် ၂ နာရီ တွင် မုံရွာမှ ကားထွက်မည်ဆို၏။ ကျွန်တော်တို့လည်း လိုက်မည့်အဖွဲ့များအား နှိုးဆော်သတိပေးရင်း စောစောအိပ်ရာဝင်ကာ မတ်လ ၁ ရက်နေ့ နံနက် ၁ နာရီမှထပြီး ပြင်ဆင်ရ၏။

**အလောင်းတော်ကဿပ ရဟန္တာမြတ်ကြီး စံရာဆီသို့**

ကားဆရာကား အချိန်မှန် နံနက် ၂ နာရီ အတိအကျလာ၏။ ကျွန်တော်တို့လည်း အဆင်သင့်ဖြစ်နေ၍ တစ်ခဏအတွင်း ထွက်ဖြစ်၏။ စောနေသဖြင့် ကျောက္ကာလမ်းတစ်လျှောက်နှင့် ပြည်ထောင်စုလမ်းတွင် ကားရှင်း၏။ ချင်းတွင်း တံတားကျော်ပြီး ယာကြီး–ကလေးဝလမ်းအတိုင်း မောင်းနှင်၏။ တရော်ကျင်းရွာအရောက်တွင် ဘယ်ဘက်ချိုးပြီး အလောင်းတော်ကဿပ ရဟန္တာမြတ်ကြီး စံရာဆီသို့ ဦးတည်ထွက်ခဲ့၏။ အလင်းရောင် မရသေးသည်မို့ ပတ်ဝန်းကျင်တစ်ခွင် မှောင်မည်းနေ၏။ ရှေ့နောက်မှ ကားမီးရောင်များနှင့် ရွာများအတွင်းသို့ ဖြတ်သန်းသောအခါမှသာ အလင်းရောင်ကိုမြင်ရ၏။ နံနက် ၃ နာရီခွဲကျော်ကျော်တွင် ကပိုင်ကျေးရွာသို့ ရောက်၏။ တောင်တက်လမ်း မဖွင့်သေးသဖြင့် ကားနားရင်း ခဏစောင့်ရမည်ဆို၏။ ကားနားသောဆိုင်တွင် အဆာပြေစားနိုင်သော်လည်း အချိန်စောသေးသဖြင့် ကော်ဖီနှင့် လက်ဖက်ရည်သာ သောက်ခဲ့၏။ အမှောင်ထု ကြီးစိုးနေသော်လည်း ကပိုင်ရွာ၏ အပြင်အဆင်ကို ကြည့်ရသည်မှာ အတော်ပင် ဖွံ့ဖြိုးတိုးတက်လာသည်ဟု မှတ်ထင်ရပေ၏။

ယခင်က တောင်ပေါ်အတက်လမ်းဂိတ်မှာ ကပိုင်ရွာအလွန်တွင်ဖြစ်သော်လည်း ယခုအခါ တောင်ပေါ် ဂုံညင်းပင်စခန်းသို့ ပြောင်းရွှေ့ထားသည်ဟုဆို၏။ နံနက် ၅ နာရီမှ ဂိတ်ဖွင့်မည်ဆိုသဖြင့် ကားတစ်နာရီခန့်နားပြီး နံနက် ၄ နာရီခွဲတွင် ဆက်ထွက်ခဲ့၏။ မိမိတို့ကဲ့သို့ ဂိတ်တံခါးဖွင့်အမီသွားနေသည့် ကားကြီး၊ ကားလတ်၊ ကားငယ်များစွာ တွေ့မြင်ရ၏။ အလောင်းတော်ကဿပ တောင်ပေါ်လမ်းပိုင်းကား အတော်ကိုပြုပြင်ထားကြောင်း တွေ့ရ၏။ နေရာတော်တော်များများ ကျောက်ကတ္တရာခင်းထားပြီး အတက်ကြမ်းသော ဂုံညင်းပင်စခန်း၊ ၉ မိုင်စခန်းနှင့် အလောင်းတော်ကဿပ အာဆီယံ အမွေအနှစ် ဥယျာဉ်နယ်နိမိတ် အစ မဟူတောင်အထိ နေရာတော်တော်များများတွင် ကွန်ကရစ်လမ်းခင်းပေးထား၏။ လမ်းဘေးအကာအရံနှင့် ကြည့်မှန်များလည်း တပ်ဆင်ပေးထား၏။ မြေသားလမ်းများလည်း ချဲ့ထားပြီး ဖုန်များ ရှင်းလင်းထားကြောင်း တွေ့ရ၏။ ကားဆရာက မဟူတောင်ထိပ်ဘုရားနှင့် နတ်နန်းတွင် ရိုးရာအတိုင်း ရှိခိုးကန်တော့၏။ ဆက်၍ အတက်၊ အဆင်း၊ အကွေ့အကောက်နှင့် ချောင်းနှစ်ချောင်းဖြတ်ပြီးသော် သပိတ်ဆေးစခန်းသို့ နံနက် ၆ နာရီခန့်တွင် ရောက်၏။

**ခြေကျင် သို့မဟုတ် ဆင်ဖြင့်သွားနိုင်**

ထိုမှ အလောင်းတော်ကဿပစံကျောင်းအထိ သွားရာလမ်းကား ခြေကျင် သို့မဟုတ် ဆင်ဖြင့် သွားနိုင်၏။ ဆင်စီးက တစ်ဦးလျှင် ငွေကျပ် ၄၀၀၀ ဖြစ်၏။ ဆင်တစ်ကောင်လျှင် ဆင်ကြီးဆိုပါက လေးဦး၊ ဆင်ငယ်ဆိုပါက နှစ်ဦးသာ စီးနိုင်၏။ သစ်ထုတ်လုပ်ရေးလုပ်ငန်းများ နားထားသဖြင့် ယခင်ကာလထက် ဆင်အကောင်ရေများ၏။ ကျွန်တော်တို့လည်း ဆင်စီး၍ သဘာဝပတ်ဝန်းကျင်ကို ငေးမောကြည့်ရှုလိုသော်လည်း နှင်းမကွဲသေးသဖြင့် မြင်ကွင်းမှာရှင်းလင်းမှုမရှိသေးပေ။ ဆင်စီး၍ မိနစ် ၂၀ ခန့်ကြာသော် အလောင်းတော်ကဿပ ရဟန္တာမြတ်ကြီး၏ ရုပ်တုတော်ထားရှိရာ စံကျောင်းတော် တောင်ခြေသို့ရောက်ရှိ၏။ ရှေးဦးစွာ စံကျောင်းတော်သို့သွားပြီး ပန်း၊ ရေချမ်း၊ ဆွမ်းဇန်းနှင့် ရွှေဆိုင်းများ ဝယ်ယူ၏။ ပြီးသော် ရဟန္တာအရှင်မြတ်ကြီး၏ ရုပ်ပွားတော်တွင် ကပ်လှူပူဇော်၏။ ရွှေဆိုင်းများကို အမျိုးသမီးများက ရဟန္တာကြီး၏ ခြေရင်းဘက်တွင် ကပ်လှူပူဇော်ခွင့်ရပြီး အမျိုးသားများက ဦးခေါင်းတော်မှ ခြေဖျားတော်အထိ မည်သည့်နေရာမဆို ပူဇော်လှူဒါန်းခွင့်ရ၏။ အဆိုပါ စံကျောင်းတွင် လှူဒါန်းမှု အစုစုအတွက် သာဓုအနုမောဒနာခေါ်ဆိုနိုင်ရန် အမျှအတမ်းဝေခဲ့၏။ ပြီးသော် ရဟန္တာအရှင်မြတ်ကြီးရှိရာ ဂူသို့ ဆင်းခဲ့ကြ၏။ အဆင်းလမ်းကိုလည်း လှေကားထစ်များ၊ လက်ရန်းများ၊ နားနေစရာများ၊ ရေသန့်ရေအိုးစင်များဖြင့် သေချာစွာဆောင်ရွက်ပေးထား၏။ ကျယ်သောနေရာများတွင် အတက်တစ်လမ်း၊ အဆင်းတစ်လမ်း ပြုလုပ်ပေးထား၏။

လှိုဏ်ကြားဂူပေါက်ရှေ့ရှိရာ ဘုရားဝတ်ပြုရာ နေရာတွင် ရှိခိုးကန်တော့ကြပြီး ဂူနံရံတွင် ရွှေချခြင်း၊ အမှတ်တရဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ကြ၏။ ဂူအဆင်းမှာ မသိသာသော်လည်း အတက်တွင် ခြေထောက်များယိုင်နေပြီဖြစ်၏။ ဖြည်းဖြည်းချင်း တက်ကာ အလယ်လောက်နားနေရာတွင် ခဏနားပြီးမှ အပေါ်သို့ပြန်တက်ခဲ့၏။ ထိုအချိန်တွင် မိုးစင်စင်လင်းပြီး ဘုရားဖူးများလည်း ပိုများလာကြောင်း တွေ့ရ၏။ အဆင်းခရီးကို ဆင်မစီးတော့ဘဲ လမ်းလျှောက်ဆင်းရန် ဆုံးဖြတ်ခဲ့ကြ၏။ အဆင်းလမ်းဆိုင်တစ်ခုတွင် နံနက်အဆာပြေ ထမင်းဆီဆမ်းကို အကြော်စုံနှင့် အားပေးခဲ့ကြ၏။ သူ့ဈေးနှင့်သူတော့ တန်ပါ၏။ အဆင်းလမ်းတွင် တဖြည်းဖြည်းချင်း လျှောက်ရင်း တက်လာသည့်ဆင်များ၊ လူများ၊ ဆင်းလာသောလူများ၊ အထမ်းများကိုရှောင်ရင်း နားလိုက်၊ သွားလိုက်နှင့် သပိတ်ဆေးစခန်းသို့ ပြန်ရောက်ခဲ့၏။ ထိုအချိန်ကား နံနက် ၉ နာရီထိုးပင်ရှိသေး၏။ သပိတ်ဆေးစခန်းအဝင်တွင် သပိတ်ဆေးချောင်းအား တံတားထိုးပြီး လမ်းကြောင်းအသစ်ဖောက်မည့်အဖွဲ့များ တိုင်းတာမှုများပြုလုပ်နေသည်ကို တွေ့ရ၏။ အဆင်းလမ်းတွင် ပလောင်လူမျိုးဝတ်စုံများနှင့်တွေ့သဖြင့် မေးမြန်းကြည့်ရာ ကျောက်မဲဘက်မှ လာကြကြောင်း သိခွင့်ရခဲ့၏။

**စံကျောင်းတော်**

အလောင်းတော်ကဿပ စံကျောင်းတော်သည် ကနီ၊ ယင်းမာပင်၊ ပုလဲမြို့နယ်များအတွင်း ပါဝင်သည့် အလောင်းတော်ကဿပဥယျာဉ်အတွင်း၌ တည်ရှိ၏။ ၁၉၈၄ ခုနှစ်တွင် အလောင်းတော်ကဿပဘေးမဲ့တော၊ ၁၉၈၉ ခုနှစ်တွင် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်ဟူ၍ အဆင့်ဆင့် ပြောင်းလဲခဲ့၏။ အာဆီယံအမွေအနှစ်ဥယျာဉ်ကား ၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်၏။ အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၅၄၁ ဒသမ ၆၂ ရှိ၏။ ဧကအားဖြင့် ၃၄၆၆၃၉ ဒသမ ၃၉ ဧက ဖြစ်၏။ သစ်တော အမျိုးအစား ခြောက်မျိုး၊ အပင်မျိုးစိတ် ၄၆၅ မျိုး၊ ဝါး ရှစ်မျိုး၊ သစ်ခွ ၄၉ မျိုး၊ ဘယဆေး ၁၄၃ မျိုး၊ ကြိမ် လေးမျိုး၊ နို့တိုက်သတ္တဝါ ၃၉ မျိုး၊ ငှက်မျိုးစိတ် ၄၆၈ မျိုး၊ အင်းဆက် ၄၂ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၉၄ မျိုး၊ လိပ်ပြာ ၂၅ မျိုး စသည်ဖြင့် ရှိပေ၏။

ကျွန်တော်တို့အဖွဲ့လည်း သပိတ်ဆေးစခန်းတွင် ခဏနားပြီး အပြန်ခရီးကို စတင်ခဲ့၏။ မဟူတောင်ထိပ်ရောက်သော် ကားရပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ကြပြန်၏။ အလင်းရောင်ရပြီဖြစ်၍ ပတ်ဝန်း ကျင်ရှုခင်းကိုလည်း ကောင်းစွာမြင်တွေ့ရပြီဖြစ်၏။ နေမပူခင် ဖိုဝင်တောင်ရောက်ရန် ကပိုင်မှတစ်ဆင့် ကနီ–ယင်းမာပင် ဖြတ်လမ်းအတိုင်း မောင်းနှင်ခဲ့၏။ ကနီ– ယင်းမာပင် ဖြတ်လမ်းကား တချို့နေရာများတွင် ကတ္တရာခင်းပြီးဖြစ်နေသော်လည်း နေရာတော်တော်များများမှာ ကျောက်ချောလမ်းအဆင့်သာ ရှိနေပေသေး၏။

**ဖိုဝင်တောင်၊ ရွှေဘတောင်များသို့ ဖူးမြော်**

ယမားချောင်းကိုမူ တံတားမထိုးနိုင် သေးသဖြင့် ချောင်းအတွင်းမှဖြတ်ပြီး မြို့ရှောင်လမ်းမှတစ်ဆင့် ပုလဲ–ယင်းမာပင်–မုံရွာလမ်းအတိုင်း မောင်းခဲ့၏။ ထိုမှ ဖိုဝင်တောင်လမ်းခွဲအတိုင်း ဖိုဝင်တောင်၊ ရွှေဘတောင်များသို့ ဝင်ရောက်ဖူးမြော်ခဲ့၏။ အချိန်ကား နေမွန်းတည့်ချိန်ဖြစ်၍ အပူဒဏ်ကို အန်တုရင်း တဖြည်းဖြည်း တစ်လှမ်းချင်း သွားနေရပေ၏။ နေ့လယ်စာကို အိမ်မှယူလာသော ထမင်းချိုင့်များဖြင့် ဆိုင်မှဝယ်ယူသော အရွက်စုံသုပ်၊ လက်ဖက်သုပ်တို့နှင့် မြိန်မြိန်စားကြ၏။ ပြီးသော် ကြံရည် အေးအေးလေးဖြင့် အဆုံးသတ် လိုက်၏။

ထမင်းစား၊ ကြံရည်သောက်ပြီးနောက် ရွှေဘတောင်မှ မုံရွာသို့ ဆက်ထွက်ခဲ့၏။ ၂၀၂၀ ပြည့်နှစ် မတ်လအလယ်လောက်တွင် ကိုဗစ်–၁၉ ရောဂါသည် ကမ္ဘာတစ်လွှားဖြစ်ပွားလာခဲ့၏။ ထိုရောဂါကူးစက်မှု ကာကွယ်ရန်အတွက် လူစုလူဝေး ပွဲလမ်းသဘင်များနှင့် ခရီးသွားလာမှုကန့်သတ်ထားရ၏။ သို့ဖြင့်ပင် အလောင်းတော်ကဿပ ခရီးသွားရာသီကို မတ်လ ၂၃ ရက်နေ့မှအစပြုပြီး ပိတ်ထားခဲ့ရာမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ရာ ဘုရားဖူးပြည်သူများအနေဖြင့် အလောင်းတော်ကဿပ ဘုရားသို့ သွားရောက်ဖူးမြော်နိုင်ပါရန် ခရီးသွားအတွေ့အကြုံကို မျှဝေလိုက်ရပါသည်။ ။

**အလောင်းတော်ကဿပ စံကျောင်းတော်သည် ကနီ၊ ယင်းမာပင်၊ ပုလဲမြို့နယ်များ အတွင်းပါဝင်သည့် အလောင်းတော်ကဿပဥယျာဉ်အတွင်း၌ တည်ရှိ၏။ ၁၉၈၄ ခုနှစ်တွင် အလောင်းတော်ကဿပဘေးမဲ့တော၊ ၁၉၈၉ ခုနှစ်တွင် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်ဟူ၍ အဆင့်ဆင့် ပြောင်းလဲခဲ့။**

# ရခိုင်ပြည်နယ်ရှိ ဆရာတော်ကြီးများနှင့် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၂၄**

ရခိုင်ပြည်နယ်ရှိ ဆရာတော်ကြီးများနှင့် ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ထိုးနှံပေးလျက်ရှိ**

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အဆင့်ဆင့်ထိုးနှံပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိမိတို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများကိုလည်း ထိုးနှံပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ထိုးနှံရမည့် ပုဂ္ဂိုလ်များမှာ ဆရာတော်ကြီးများနှင့် အသက် (၆၅) နှစ်အထက် ပုဂ္ဂိုလ်များကို ထိုးနှံရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆေးထိုးနှံရာတွင်လည်း ဆရာတော်ကြီးများနှင့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များအား လျှောက်ထားအသိပေးရန် လိုအပ်ပါကြောင်း၊ ထို့အပြင် ဆရာတော်ကြီးများနှင့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမည့် နေရာ၊ သယ်ယူပို့ဆောင်ပေးမည့် အစီအစဉ်များ လိုအပ်ချက်များကို ယခု ညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ဆရာတော်များ ပင့်ဆောင်မည့်အစီအစဉ်၊ ဆေးထိုးနှံမည့် နေရာနှင့် နေရာချထားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။ တင်ပြဆွေးနွေးချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။



**တင်ထွန်း(ပြန်/ဆက်)**

# တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ မတ် ၂ ရက်တွင် ကျင်းပမည့် တောင်သူလယ်သမားနေ့ အခမ်းအနား ကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။



အစည်းအဝေးသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်နှင့်အတူ စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ အခမ်းအနားကျင်းပရေး ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၂) ဦးတင်အေးက အခမ်းအနားကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများကို တင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဆွေဝင်းက အခမ်းအနား ကျင်းပနိုင်ရေး ကော်မတီများ ဖွဲ့စည်းတာဝန်ပေးထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်မောင်မြင့်က အခမ်းအနားတွင် စိုက်ခင်းများပြသရန် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြခြင်းနှင့် ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက ခရိုင်အလိုက် တာဝန်ပေးအပ်ထားရှိမှုနှင့် ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကော်မတီများအလိုက် ဆွေးနွေးတင်ပြခြင်းနှင့် အထွေထွေဆွေးနွေးတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်က ကော်မတီများအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်း အသေးစိတ်များကို အောင်အောင်မြင်မြင် ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

တောင်သူ လယ်သမားနေ့ကို မတ် ၂ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု ဝါးဒူးကျေးရွာတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**မောင်မောင်မြင့်(ပြန်/ဆက်)**

# မြင်းမူမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားဝန်ထမ်း ပင်စင်လစာများ စနစ်တကျ ထုတ်ပေးလျက်ရှိ

**မြင်းမူ ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဖေဖော်ဝါရီလအတွက် ပင်စင်လစာငွေများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

အငြိမ်းစားလစာငွေများကို ဖေဖော်ဝါရီ ၂၂ ရက်မှစတင်ကာ နေ့စဉ် နံနက် ၇ နာရီတွင် ထုတ်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် နယ်မြေအလိုက်ပိုင်းခြားပြီး အလှည့်ကျအစိုးရဘဏ်ဖွင့်ရက်တိုင်း ထုတ်ပေးလျက်ရှိကြောင်း၊ ပင်စင်လာရောက်ထုတ်ယူကြသည့် မိဘပင်စင်စားများကိုလည်း ပါးစပ်နှင့်နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်စေခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ သက်ကြီးပင်စင်စားများကိုလည်း စနစ်တကျ ကူညီစောင့်ရှောက်မှုပေးခြင်းများနှင့်အတူ ပင်စင်လာရောက်ထုတ်ယူသူများအားလုံး စိတ်အေးချမ်းသာစွာ ထုတ်ယူနိုင်ရေးဆောင်ရွက်ထားရှိကြောင်း မြို့နယ်ဘဏ်မန်နေဂျာ ဒေါ်တင်မာလွင်ထံမှ သိရသည်။

မြင်းမူမြို့နယ်မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်ထုတ်ယူလျက်ရှိသည့် အငြိမ်းစားဦးရေ ၁၃၂၈ ဦးရှိကြောင်း သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**



## အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော နိုင်ငံ့ဝန်ထမ်းများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်တို့အရ ဝန်ထမ်းများသည် အလုပ်ချိန်နှင့် သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်နှင့် သက်ဆိုင်သည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများကိုလည်း လိုက်နာရပါသည်။ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူနိုင်ပါသည်။ ဝန်ထမ်း၏ပြုလုပ်မှုသို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရပါသည်။

၂။ သို့ပါ၍ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် နှီးဆော်နေသည့်ကာလအတွင်း မိမိတို့၏လုပ်ငန်းခွင်များသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

# ကိုဗစ်-၁၉ အမေး၊ အဖြေ




ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန



## ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေထွက်နေတဲ့ G-Dragon နဲ့ ဂျန်းနီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲ ထပ်မံပေါ်ထွက်လာခဲ့ပြီဖြစ်ပါတယ်။ လတ်တလော ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ထွက်လာတဲ့ ကြယ်ပွင့်တွေကတော့ အမျိုးသားတေးဂီတအဖွဲ့ BIG BANG ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ G-Dragon နဲ့ အမျိုးသမီး တေးဂီတအဖွဲ့ BLACK PINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျန်းနီတို့ပဲ ဖြစ်ကြပါတယ်။ သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြောင်းကို ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးက ထုတ်ဖော်ပြောကြားခဲ့ပြီး ကြယ်ပွင့်တွေရဲ့ လျှို့ဝှက်ထားတဲ့ အကြောင်းအရာတွေကို ဖော်ထုတ်ရေးသားလေ့ရှိတဲ့ ဒစ်ပက်ချ်က အဆိုပါသတင်းကို ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြတာ အချိန်အတော်ကြာခဲ့ပြီဖြစ်ပြီး နှစ်ဦးသားချိန်းဆိုတွေ့ဆုံမှုတွေရှိနေကြောင်းလည်း ဖော်ပြထားပါတယ်။ သူတို့နှစ်ဦးဟာ ဝိုင်ဂျီအင်တာတိန်းမန့်အောက်မှာ အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်နေတဲ့ ကြယ်ပွင့်တွေဖြစ်ကြပြီး နှစ်ဦးစလုံးရဲ့ နေအိမ်တွေကိုလည်း ဝင်ထွက်တာတွေ အပြန်အလှန်ရှိကြောင်းလည်း သိရပါတယ်။

ဂျန်းနီဟာ တစ်နေ့တာ အနုပညာလှုပ်ရှားမှုတွေအပြီးမှာ G-Dragon ရဲ့ နေအိမ်ဆီသွားရောက်လည်ပတ်လေ့ရှိပြီး ဒါဟာ သူ့ရဲ့ နေ့စဉ် လုပ်ငန်းဆောင်တာတွေထဲက တစ်ခုလိုဖြစ်နေကြောင်း ဝိုင်ဂျီအင်တာတိန်းမန့်မှ သတင်းရင်းမြစ်တစ်ဦးက ပြောကြားခဲ့ပါတယ်။ G-Dragon ဟာ သူ့ရဲ့နေအိမ်ကို တက်ရောက်နိုင်ဖို့အတွက် သူတစ်ဦးတည်း သီးသန့်အသုံးပြုတဲ့ ဓာတ်လှေကားရှိပြီး ဒီဓာတ်လှေကားကနေ ဂျန်းနီက လာရောက်လည်ပတ်တာကြောင့် အများကတော့ သတိထားမိခြင်းမရှိတာလည်း ဖြစ်ပါတယ်။ BLACK PINK အဖွဲ့ရဲ့ တိုက်ရိုက်ထုတ်လွှင့်မှုပြုလုပ်မယ့်နေ့မှာလည်း ဂျန်းနီဟာ G-Dragon ရဲ့ နေအိမ်ကနေ တိုက်ရိုက်ထုတ်လွှင့်မယ့်နေရာကို လာရောက်ခဲ့တာကို တွေ့မြင်ခဲ့သူတွေလည်းရှိတယ်လို့ သိရပါတယ်။

လတ်တလော ပေါ်ထွက်လာတဲ့ သတင်းတွေနဲ့ပတ်သက်ပြီး ကြယ်ပွင့်တွေက တစ်စုံတစ်ရာ တုံ့ပြန်ပြောကြားတာမျိုး လက်ရှိအချိန်အထိတော့ မရှိသေးပါဘူး။ သူတို့ရဲ့ အေဂျင်စီကတော့ ဒီကောလာဟလတွေအပေါ် ကြယ်ပွင့်တွေရဲ့ ကိုယ်ရေးကိုယ်တာသာဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

## အနိုင်ကျင့်ခံရတာနဲ့ပတ်သက်တဲ့ သတင်းတွေထဲမှာ ပါဝင်လာတဲ့ ဗွီ



တောင်ကိုရီးယားကြယ်ပွင့်တွေ ကျောင်းနေခဲ့စဉ်က အနိုင်ကျင့်ခဲ့တာ၊ အနိုင်ကျင့်ခံခဲ့ရတာတွေနဲ့ပတ်သက်ပြီး လတ်တလောမှာ သတင်းတွေ ဆက်တိုက်ပေါ်ထွက်လာခဲ့ပါတယ်။ ဒီသတင်းတွေထဲမှာ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဗွီရဲ့ သတင်းတွေလည်း ပါဝင်လာကြောင်း ကိုရီးယားဘိုးဒွေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကြယ်ပွင့်တွေအကြား အနိုင်ကျင့်ခံရတဲ့ သတင်းတွေ များစွာပေါ်ထွက်နေတာကြောင့် ဗွီနဲ့ ပတ်သက်တဲ့သတင်းကိုလည်း မီဒီယာတွေက တစ်ဖန်ပြန်လည်ဖော်ပြခဲ့ကြတာဖြစ်ပါတယ်။ ဗွီဟာ ကျောင်းနေစဉ်က အနိုင်ကျင့်ခံခဲ့ရကြောင်း သူ့ကို အနိုင်ကျင့်ခဲ့သူဆိုသူက ၂၀၁၅ ခုနှစ်အတွင်းက ထုတ်ဖော်ပြောကြားလာတာဖြစ်ပေမယ့် လတ်တလောမှာ အနိုင်ကျင့်ခံရသူတွေစာရင်းမှာ ဗွီကိုလည်း ထည့်သွင်းပြောကြားလာတာဖြစ်ပါတယ်။ ဒီလိုထုတ်ဖော်ပြောကြားခဲ့သူဟာ အွန်လိုင်းမှ အစီအစဉ်ထုတ်လွှင့်နေသူတစ်ဦးဖြစ်ပြီး သူက ဗွီအနေနဲ့ ကျောင်းမှာ သူ့ကို ဝန်ဆောင်မှုပေးခဲ့ရတဲ့ ကောင်လေးဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ၎င်းက ၂၀၁၉ ခုနှစ်အတွင်းမှာ သူ့လုပ်ရပ်တွေ မှားယွင်းခဲ့ကြောင်း ပြန်လည်ဖြေရှင်းခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီလိုပြောကြားခဲ့တဲ့အပေါ် ဗွီကတော့ သူတို့နှစ်ဦးဟာ သူငယ်ချင်းတွေမဟုတ်ကြကြောင်းနဲ့ သူဟာ အဲဒီလိုလူမျိုးနဲ့ သူငယ်ချင်းဖြစ်မှာမဟုတ်ကြောင်းလည်း တုံ့ပြန်ခဲ့ပါတယ်။

မကြာသေးမီကလည်း အမျိုးသမီးတေးဂီတအဖွဲ့ Wonder Girls ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟွန်အနဲ့ပတ်သက်တဲ့ သတင်းတွေလည်း ပေါ်ထွက်ခဲ့ပါတယ်။ ဟွန်အဟာ ကျောင်းနေစဉ်က အတန်းဖော်ကို အနိုင်ကျင့်ခဲ့ကြောင်း စွပ်စွဲခံရပြီး ပေါ့ပ်ကြယ်ပွင့်ကတော့ သူ့အနေနဲ့ အဆိုပါလုပ်ရပ်မျိုး ကျူးလွန်ခဲ့ခြင်းမရှိကြောင်း တုံ့ပြန်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။



## ဆန်းရယ်ဂျင်နဲ့ ဟွန်ဘင်းတို့ ဖိလစ်ပိုင်ကို သွားရောက်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသားဟွန်ဘင်းနဲ့ မင်းသမီး ဆန်းရယ်ဂျင်တို့ဟာ မကြာမီမှာ ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်မှာဖြစ်ကြောင်း စွန်ပီဒွေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇာတ်လမ်းတွဲတွေမှာ ပါဝင်သရုပ်ဆောင်ရာမှာ လိုက်ဖက်တဲ့စုံတွဲအဖြစ် ပရိသတ်တွေရဲ့ အမြဲမှတ်ချက်ပြုခြင်းခံရတဲ့ ဟွန်ဘင်းနဲ့ ဆန်းရယ်ဂျင်တို့ဟာ ဇာတ်လမ်းတွဲတွေ ရိုက်ကူးပြီးတိုင်း ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပေါ်ထွက်လေ့ရှိပါတယ်။ ယခင်က အဆိုပါသတင်းတွေမှန်ကန်မှုမရှိကြောင်း ငြင်းဆိုခဲ့ပေမယ့် ၂၀၂၁ ခုနှစ် နှစ်စပိုင်းမှာ သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း အတည်ပြု ပြောကြားခဲ့ပါတယ်။ အဆိုပါ စုံတွဲဟာ ၂၀၂၁ ခုနှစ်ရဲ့ ပထမဆုံး ကြယ်ပွင့်စုံတွဲလည်း ဖြစ်ပါတယ်။

မကြာမီ ဖိလစ်ပိုင်နိုင်ငံကို သွားရောက်မယ့် ဟွန်ဘင်းနဲ့ ဆန်းရယ်ဂျင်တို့ဟာ ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့ပြီးနောက် ပထမဆုံးအကြိမ် ခရီးအတူထွက်ကြတာဖြစ်လာမှာပါ။ ကြယ်ပွင့်နှစ်ဦး လုပ်ဆောင်နေတဲ့ 5G အစီအစဉ်တွေနဲ့ ပတ်သက်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဖိလစ်ပိုင်ခရီးစဉ်အကြောင်းကို အတည်ပြုပြောကြားခဲ့တာပါ။ ဒါပေမယ့် လာရောက်ဖြစ်မယ့်အချိန်ကိုတော့ အတိအကျ ပြောကြားခြင်းမရှိဘဲ ခရီးသွားရတာ လုံခြုံစိတ်ချရတဲ့အချိန်မှာ သွားရောက်မှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

## အသက်အန္တရာယ် ခြိမ်းခြောက်ခံနေရတဲ့ ဂျီယောင်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ ဂျီယောင်းကို အမျိုးသမီးတေးဂီတအဖွဲ့ T-ara ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် လူသိများပါတယ်။ နောက်ပိုင်းမှာ သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်လာတဲ့ ဂျီယောင်းဟာ လတ်တလောမှာ အသက်အန္တရာယ် ခြိမ်းခြောက်မှုတွေနဲ့ ကြုံနေရကြောင်း ကိုရီးယားဘိုးဒွေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျီယောင်းကို သတ်ပစ်မယ့်အကြောင်းတွေကို အမည်ဖော်ပြထားခြင်းမရှိတဲ့ အကောင့်တစ်ခုက လတ်တလောမှာ တွစ်တာပေါ်ကနေ ခြိမ်းခြောက်စာတွေ ဆက်တိုက် ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ အသက်အန္တရာယ်ခြိမ်းခြောက်တဲ့ စာတွေကို ဆက်တိုက် ရေးသားဖော်ပြနေသူကို ဂျီယောင်းရဲ့ အေဂျင်စီက တိုင်ကြားကာ စုံစမ်းအရေးယူသွားမှာဖြစ်ကြောင်းလည်း တုံ့ပြန်ပြောကြားထားပါတယ်။ ဒ့ါအပြင် ကြယ်ပွင့်ကို ကာကွယ်စောင့်ရှောက်မှုတွေလည်း လုပ်ဆောင်လျက်ရှိကြောင်း အေဂျင်စီဘက်က ပြောကြားခဲ့တယ်လို့ သိရပါတယ်။





ဇန်ဒါယာ(ဝဲ)နှင့် တွမ်ဟော်လန်း(ယာ)

## Spider Man 3 ရုပ်ရှင်အတွက် ဓာတ်ပုံများဖော်ပြ

ပရိသတ်တွေစောင့်စားနေတဲ့ ပင့်ကူလူသားရုပ်ရှင်သစ်အတွက် ဓာတ်ပုံတွေကို လတ်တလောမှာ ထုတ်ဖော်ပြသလာတာ ဖြစ်ပါတယ်။ အဆိုပါ ဓာတ်ပုံတွေဟာ အဓိကဇာတ်ဆောင်တွေဖြစ်ကြတဲ့ တွမ်ဟော်လန်း၊ ဇန်ဒါယာနဲ့ ဂျပ်ကော့ဘတ်တာလန်တို့ရဲ့ ပုံရိပ်တွေဖြစ်ကြကြောင်း အီးအွန်လိုင်းဒွေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဓာတ်ပုံတွေကို ဖေဖော်ဝါရီ ၁၃ ရက်က အင်စတာဂရမ် စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့ပြီး ဒီလိုဖော်ပြရာမှာ ဇာတ်ဆောင်တွေကို သူတို့ပါဝင်သရုပ်ဆောင်ရမယ့် ဇာတ်ကောင်စရိုက်နဲ့ တွေ့မြင်ခဲ့ရတာလည်း ဖြစ်ပါတယ်။ တွမ်ဟော်လန်းကတော့ ပင့်ကူလူသားအဖြစ် ပါဝင်ထားပြီး ဇန်ဒါယာကတော့ အမ်ဂျေအဖြစ် ပါဝင်ထားကာ ဂျပ်ကော့ဘတ်တာလန်ကတော့ နက်လိဒ်အဖြစ်ပါဝင်ထားတာပါ။ လတ်တလော ထုတ်ဖော်ပြသလာတဲ့ ဓာတ်ပုံတွေမှာ နက်လိဒ်က သူ့ရဲ့ လက်ပ်တော့ကို ကိုင်ထားပြီး ပင့်ကူလူသားနဲ့ အမ်ဂျေတို့ကတော့ သူ့ရဲ့ဘေးမှာ ဝန်းရံနေတာကိုလည်း တွေ့ရပါတယ်။

အဆိုပါရုပ်ရှင်သစ်အတွက် လက်ရှိအချိန်အထိ အမည်မပေးရသေးသော်လည်း ရုံတင်ပြသမယ့်ရက်ကိုတော့ သတ်မှတ်ပြီးဖြစ်ပါတယ်။ Spider Man 3 ကို လာမယ့် ဒီဇင်ဘာ ၁၇ ရက်မှာ စတင်ပြသဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

ဘုရား ရဟန်း သီလ ကျောင်း ဝိပဿနာ တရားစခန်းများ ဘုရားကျောင်းအုပ်ထိန်းသူ၊ နာယက - ယဉ်ကျေးမှုနှင့် အနုပညာ

शील समाधि प्रज्ञा रत्न, पाया मिथ्या अनमोल,
दमक मिट गयी, सफल हुई यह खोल ॥
ब्रह्म देश में मिलि विपश्यना, पिहू अमृत घोल,
बौद्ध धर्म और संघ प्रति, श्रद्धा जगी अटूट ॥

Found priceless treasures of Seela, Samaadhi and Pragya (Insight)..
This Mortal Body became Pure and Useful again, rid of the Grime of Ignorance..
Found devotion for Buddha's teachings and the learned gatherings...
In Myanmar I found Vipassana, the nectar of Immortality that I partake...

....Baba Doha



မွေးသက္ကရာဇ် (၇)ရက် ဒီဇင်ဘာ ၁၉၃၈ - ဖေဖော်ဝါရီလ (၂၂)ရက် ၂၀၂၁

မွေးဖွားခြင်းအားဖြင့် လူသားချင်းစာနာထောက်ထားသူ၊ အလုပ်အကိုင်ဖြင့် စက်မှုလုပ်ငန်းပညာရှင်၊ နှလုံးသားဖြင့် ပရဟိတလုပ်ငန်းများကို ဦးဆောင်ဆောင်ရွက်ခဲ့သူ၊ သဘာဝအားဖြင့် လှူဒါန်းရာ၌ အစဉ်တက်ကြွသူ စိတ်သဘောထား ကြီးမားသူ

**သိဒ္ဓိသုခမှုမထိုင်ဘောဓ**

**ဦးဗေမာင်ရွှေ (ခ) Shri Banwarilal Goenka**

ဝိပဿနာတရားပြဆရာကြီး ဦးဂိုအင်ကာ အမ်း ဂိုအင်ကာ နှင့် မာတာကြီး ဒေါ်လှမေကြည် (ခ) Smt. Illaichidevi Goenka) တို့၏ ဒုတိယသား

**ဂုဏ်ထူးဆောင်**

• မြှင့်ဆောင်ရ သမ္မတမြန်မာနိုင်ငံတော် သမ္မတ ဆုချီးမြှင့်ဆု •

• President's Pravasi Bharatiya Samman Award, India •

**အမြဲအောက်မေ့သတိရလျက်**

ဒေါ် နီနီရွှေ (ခ) Smt. Sushila Goenka, ဦးဗေမာင်စိန် (ခ) Rajul & Neha, Adhvik
ဂိုအင်ကာ မိသားစု နှင့် ဆွေမျိုး မိသားစု

ရွှေလှ ကုမ္ပဏီ၊ ထာဝရ မိတ္တ ကုမ္ပဏီ၊
ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ အထိမ်းအမှတ် ဖေါင်ဒေးရှင်း၊
မဟာဝါရိုးမြို့ရှင်ဂုဏ် မာတာကြီး ဆောင်ဆောင်ရွက်း




**ဝမ်းနည်းကြေကွဲစွာဖြင့် အဓိကစည်း :-** ၂၈ - ၂ - ၂၀၂၁၊ ညနေ ၄၀၀ နာရီ
**Park Royal Hotel, Yangon.**

နာယက - ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ)၊ နာယက - သမ္မဒိဋ္ဌိ ဓမ္မပါလ (ဟိန္ဒူ) အဖွဲ့ချုပ်၊
ဥက္ကဋ္ဌဟောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ပေါင်းအဖွဲ့ချုပ်

နာယက - အပြည်ပြည်ဆိုင်ရာ ဓမ္မဒိဋ္ဌိ ဝိပဿနာ အဖွဲ့ နာယက - မြန်မာ ဟိန္ဒူဓမ္မအသင်း တည်ထောင်သူ အိမ်မြဲ - မြန်မာ သဟာယ အဖွဲ့၊
ဒု-ဥက္ကဋ္ဌ - အသက (၂) ဘုံ (မြို့မ)ကျောင်း အကျိုးတော်ဆောင် အဖွဲ့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံအထွေထွေဒီမိုကရေစီရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ နေပြည်တော် ၈ မြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

မြေပြင်စစ်ဆေးချက်များအရ နေပြည်တော် ၈ မြို့နယ် မဲရုံပေါင်း ၆၄၆ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၉၉၄၇၅၁ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၈၇၉၀၃၊ ကျန်ရှိရမည့်အရေအတွက်မှာ ၃၀၆၈၄၈၊ မြေပြင်လက်ကျန် ၂၉၁၅၀၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၆၉၀၀ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၅၅၈ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများ သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ❂**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှဆရာဝန်များသည်လည်း ၎င်းတို့၏သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စီမံဆောင်ရွက်လျက်ရှိ**

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၂၇၉၉၇ ဦး၊ အတွင်းလူနာ ၃၂၁၃ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများက ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

**စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ☆**

မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသော ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**ကြေးမုံ ယနေ့ ဖတ်စရာ**


**ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်မည်**

စာမျက်နှာ » ၁၂

**အိန္ဒိယနိုင်ငံ၌ မတ်လမှစတင်၍ အသက်အရွယ် ကြီးရင့်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမည်**

စာမျက်နှာ » ၁၃

**အသိဉာဏ်နှင့် ယှဉ်တွဲသည့် ယုံကြည်မှု**

စာမျက်နှာ » ၁၇


# တိုက်စစ်မှူး ဂျရူးရဲ့ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အက်သလက်တီကိုမက်ဒရစ်ကို ချယ်လ်ဆီးအနိုင်ရ

ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက အက်သလက်တီကို မက်ဒရစ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲမှာ ချယ်လ်ဆီးအသင်းက တိုက်စစ်မှူး ဂျရူးရဲ့ ပွဲကစားချိန် ၆၈ မိနစ်မှာ သွင်းယူခဲ့တဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့ပါတယ်။

အက်သလက်တီကို မက်ဒရစ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ရဲ့ ပွဲစဉ်ကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စပိန်နိုင်ငံမှာ ကျင်းပမယ့်အစား ရိုမေးနီးယားနိုင်ငံမှာ ကျင်းပခဲ့ရတာဖြစ်ပြီး အဲဒီပွဲစဉ်မှာ အက်သလက်တီကို မက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ချယ်လ်ဆီးအသင်းဟာ နည်းပြ တူချယ်လက်ထက်မှာ ရှစ်ပွဲအထိ ရှုံးပွဲမရှိစံချိန်ကို ရယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

**စာမျက်နှာ ၂၂ ကော်လံ ၄ သို့ ❍**

